# ကျေးရွာလက်စွဲစာအုပ်




## မကွေးတိုင်းဒေသကြီး၊
## ပခုက္ကူခရိုင်၊
## မြိုင်မြို့နယ်၊
## သနပ်ပင်ကုန်းကျေးရွာအုပ်စု
## တိုင်းတောကျေးရွာ

Scanned by CamScanner

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက် တိုးတက် ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ် ဖော်ထုတ်ထားသော အစီအစဉ်များဖြစ်သည်ဟု၊လည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစု သူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း ActionAid (INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့်ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ် ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျှော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှု များကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကို လျှော့နည်းသက်သာစေမည် လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက်အန္တရာယ်တို့ လျှော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစု တင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း၊ INGO/NGO အဖွဲ့အစည်း အသီးသီးမှ လည်းကောင်း၊ မိမိရပ်ရွာမှ လည်းကောင်း ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက်သိရှိ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

အောင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ

အက်ရှင်အေဒ့်မြန်မာ

၀၉၇၉၄၄၄၀၂၆၉၇၊ ၀၆၂ ၆၀၄၁၂

Scanned by CamScanner

# မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ မိတ်ဆက်စာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာသည် မြိုင်မြို့၏ အရှေ့ဘက်(၅)မိုင်ခန့်အကွာတွင် တည်ရှိပြီး ဟိုင်းတောရွာ၏ အနောက်ဘက်(၅)ဖာလုံခန့်အကွာတွင် အောင်ဇံကုန်းရွာရှိပြီး အရှေ့ဘက်တွင်(၃)ဖာလုံအကွာတွင် ညောင်ပင်ကုန်းရွာ၊ တောင်ဘက်တွင် (၃)ဖာလုံခန့်အကွာတွင် ဗိမ္မာန်မရွာ တည်ရှိပါသည်။ ဟိုင်းတောကျေးရွာတွင် အိမ်ထောင်စု (၃၈)ဦးရှိပြီး လူဦးရေ(၁၆၂)ယောက်ရှိပါသည်။ ဟိုင်းတောရွာ၏ လုပ်ကိုင်စားသောက်ပုံများမှာ တောင်သူလုပ်ငန်းနှင့် ကျပန်းလုပ်ကိုင်၊ ပန်းရံ၊ လက်သမား၊ သံပန်းလုပ်ငန်းများ လုပ်ကိုင်၍ အသက်မွေးဝမ်းကြောင်း ပြုလုပ်ကြပါသည်။ ဟိုင်းတောကျေးရွာ၏ အမျိုးသမီးများသည် အထည်ချုပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။

Scanned by CamScanner

# ကျေးရှုးတင်ဝှက်ပြုလွှာ

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင်၊မြိုင်မြို့နယ်သည် ရပ်ကွက် (၃)ခု၊ ကျေးရွာ အုပ်စု (၈၁)အုပ်စု၊ စုစုပေါင်းရပ်ကွက်/ကျေးရွာအုပ်စု(၈၄)အုပ်စု၊ ကျေးရွာပေါင်း (၃၂၉) ရွာတည်ရှိ၍ (၇၈၅.၆၆၁) စတုရန်းမိုင် ရှိပါသည်။ ၂၀၁၆ အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာများနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး ထောင်စုနှစ်ရည်မှန်းချက်များ ချမှတ်ခဲ့ပါသည်။ အဲဒီလိုပြုပြင်ပြောင်းလဲမှု မဟာဗျူဟာ အမျိုးမျိုးအဆင့်ဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထက်အဆင့်မှာသာမူဂါဒရေးရာ ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်မြေပြင်မှာပြုပြင်ပြောင်းလဲမှုရဲ့အသီးအပွင့်တွေကို ပြည်သူအများ ခံစားရရှိနိုင်ဖို့ဟာ အဓိက ကျပါတယ်။ အဲဒီလိုပြည်သူ အများရဲ့ လူမှုစီးပွားလိုအပ်ချက်ကိုအဓိကထား ဖြည့်ဆည်းပေးနိုင်ဖို့ အတွက် ပြည်သူ ဗဟိုပြုဖွံ့ဖြိုးရေး (People-Centered Development) လုပ်ငန်းတွေကိုအောက်ခြေမှစ၍ အမှန်တကယ် ကြိုးပမ်း ဆောင်ရွက်နိုင်ဖို့လိုအပ်ပါတယ်။

ပြည်သူ့ဂန်ထမ်းများအနေနဲ့ပြည်သူအများရဲ့လူမှုစီးပွားရေးလိုအပ်ချက်တွေကိုပြည်သူ့အသံ၊ပြည်သူ့ဦးစားပေးလိုလားချက်တွေနဲ့အညီဆက်စပ်ဖြည့်ဆည်းဆောင်ရွက်သွားနိုင်မှသာတာဂန်ခံယူမှုရှိတဲ့ကောင်းမွန်သောအုပ်ချုပ်မှုစနစ်တစ်ခုဖြစ်ထွန်းလာမှာဖြစ်ပါသည်။ ပြည်သူအများရဲ့ဦးစားပေး လိုအပ်ချက်တွေကို ဖော်ထုတ် ဆောင်ရွက်ရာမှာ ပြည်သူအများပူးပေါင်းပါဂင်မှုရှိဖို့ဟာ လွန်စွာအရေးကြီးလှပါသည်။ ထို့ကြောင့် လူထုက ကိုယ်တိုင်ကိုယ်ကျပူးပေါင်းပါဂင်ပြီး မိမိတို့ရပ်ရွာကိုလေ့လာသုံးသပ်၊ ဦးစားပေးလုပ်ငန်းများရွေးချယ်ပြီး အစီအမံများ ရေးဆွဲနိုင်မှသာပြည်သူအများ အမှန်တကယ်လိုအပ်ချက်များကို ထိထိ ရောက်ရောက် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မှာဖြစ်သလို စီမံကိန်းရေးဆွဲမှုများဟာလည်း အမှန်တကယ် အောက်ခြေကစလို့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုဦးတည်နိုင်တဲ့ ပြည်သူဗဟိုပြုစီမံကိန်းများအဖြစ် အကောင်အထည်ဖော်နိုင်မှာဘဲဖြစ်ပါတယ်။ သို့မှသာကျေးရွာအစီအစဉ်မှ ကျေးရွာအုပ်စုအစီအစဉ်၊ ထိုမှတဆင့် မြို့နယ်အစီအစဉ်၊ ထိုမှတဆင့် ခရိုင်၊ တိုင်းဒေသကြီး အဆင့်ဆင့်စုစည်းမိပြီး တိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Regional Comprehensive Development Plan) ကိုအောင်မြင်စွာအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရဌာနများအနေနဲ့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စီမံကိန်းအဆင့်ဆင့်မှာ ဦးစားပေးပြီးဆောင်ရွက်နေတာ လက်ရှိ အချိန်ထိဘဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေဖို့ အတွက် သက်ဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးနဲ့ဆက်စပ်ဆောင်ရွက်ခဲ့ပြီး ယခုဆိုရင် မကွေးတိုင်း

Scanned by CamScanner

ဒေသကြီးအစိုးရအဖွဲ့နှင့် ရှင်အေဒ်မြန်မာတို့ ပူးပေါင်း၍ **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်အရပြည်သူအများပူးပေါင်းပါဝင်ရေးဆွဲတဲ့ကျေးရွာလက်စွဲစာအုပ် (Village Book)များကို ဖော်ထုတ်သွားဖို့နဲ့ လုပ်ငန်းအကောင်အထည်ဖော်ရာမှာအားလုံးအကျုံးဝင်ဆောင်ရွက်နိုင်ရေးအတွက်အစီအမံများချမှတ်နိုင်ဖို့ဘဲဖြစ်ပါသည်။ ထို့ကြောင့်ယခုလုပ်ငန်းစဉ်ကိုအဓိကတာဝန်ယူဖော်ဆောင်ရမယ့်ဌာနဆိုင်ရာများအတွက်**"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"**သင်တန်းကိုနည်းပြသင်တန်းတက်ရောက်ပြီး ပြန်လည်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ယခုလို **"အားလုံးအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအတွက်အောက်ခြေမှစီမံကိန်းရေးဆွဲခြင်း"** လုပ်ငန်းစဉ်ကိုတိုင်းဒေသကြီးအစိုးရအဖွဲ့ကဦးဆောင်ပြီး အက်ရှင်အေဒ့် မြန်မာ၏ပံ့ပိုးမှုဖြင့် မြို့နယ်တစ်မြို့နယ်လုံးအတိုင်းအတာနဲ့အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ထိရောက်စွာကြီးကြပ်စီမံနိုင်ရေးအတွက် သင်တန်းတက်ရောက်ထားသော အရာရှိများနှင့်အတူအားလုံးက ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

နိဂုံးချုပ်အနေနဲ့အထူးတလည်မှတ်တမ်းတင်လိုတာကတော့ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် တစ်ခုဖြစ်ထွန်း လာဖို့အတွက် စနစ်အတွင်းမှာပါဝင်တဲ့သူအားလုံးရဲ့အတွေးအခေါ်ခံယူချက်(mind-set)တွေ ပြောင်းလဲနိုင်ဖို့လိုအပ်ပါတယ်။ ကောင်းမွန်သောအုပ်ချုပ်မှုစံနစ် (GoodGovernance) ၏ အခြင်းအရာများဖြစ်ကြတဲ့

(1) အများစုပါဝင်စေခြင်း(Participation)

(2)စည်းမျဉ်းစည်းကမ်းဥပဒေကိုလေးစားလိုက်နာခြင်း(Rule of law)

(3)ကြိုတင်ခန့်မှန်းနိုင်မှုဖြစ်စေခြင်း(Predictability)

(4)ပွင့်လင်းထင်သာမြင်သာဖြစ်ခြင်း(Transparancy)

(5)တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း(Responsiveness)

(6)အများစု၏သဘောကိုရှေးရှုခြင်း(Consensus Orientation)

(7)ညီမျှမှုနှင့်အများစုစဉ်းစားခြင်း(Equity & Inclusiveness)

(8)ထိရောက်မှုရှိခြင်းနှင့်စွမ်းဆောင်ရည်ပြည့်ဝခြင်း။(Effectiveness and Efficiency)

(9)တာဝန်ယူမှုရှိခြင်း (Accountability)

Scanned by CamScanner

စတဲ့အခြင်းအရာများတို့ဟာ ကျေးရွာလက်ဖွဲ့စာအုပ် ပြုစုစဉ် တလျှောက်လုံးနဲ့ ပြည်သူလိုလားချက်များကို ဝိုင်းဝန်း ကြိုးပမ်းအကောင်အထည် ဖော်ကြတဲ့အခါမှာ ပြည်သူများအနေနဲ့လည်း ယခုလို ကျေးရွာစာအုပ်တွေ ရေးဆွဲပြီး လူမှုစီးပွားလိုအပ်ချက်တွေကို ဖော်ထုတ်တဲ့နေရာမှာ အမှန်တကယ်တက်ကြွစွာ ပူးပေါင်းပါဝင် လိုစိတ်ရှိဖို့အရေးကြီးသလို ပြည်သူ့ဝန်ထမ်းများအနေနဲ့လည်း အမှန်တကယ်အောက်ခြေအထိဆင်းပြီး ပြည်သူများနဲ့တသားတည်းပံ့ပိုးကူညီဆောင်ရွက်သွားနိုင်ဖို့လည်းအရေးကြီးပါတယ်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံး အတွက် အခုလိုနည်းပညာပိုင်းအရထောက်ပံ့ပိုးပေးတဲ့အက်ရှင်အေ့ဒ်မြန်မာ၊ ကျေးရွာဖွံ့ဖြိုးရေး လူငယ် သင်တန်းဆရာ၊ ဆရာမများအပြင် မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် အမျိုးသားစီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အရာရှိ သုံးဦးကိုလည်း မြိုင်မြို့နယ်ကိုယ်စားအနေဖြင့် ကျေးဇူးတင်ရှိကြောင်းမှတ်တမ်းတင်လိုက်ရပါတယ်။

မြို့နယ်အုပ်ချုပ်ရေးမှူး

မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြိုင်မြို့နယ်၊ မြိုင်မြို့။

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ (          )လ ၊ (        )ရက်

Scanned by CamScanner

ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း


ရက်စွဲ၊ ၁၅-၁-၂၀၁၇

ဤမှတ်တမ်းပါအကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများ ကိုယ်တိုင်ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏ လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများ ဖြစ်ပါသည်။

ယခုကဲ့သို့ ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင်း အကျိုးရလဒ်အနေဖြင့် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရန် လိုအပ်မှုများကို သေသေချာချာ နားလည်သဘောပေါက်လာခဲ့ပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါ အချက်အလက်များသည် ယခင်နှင့် ယခုနှိုင်းယှဉ်ပြ၍ သင်ခန်းစာယူစရာများ၊ ကျေးရွာသူ/သားများကိုယ်တိုင် တက်သိပညာရှင်များနှင့်လည်းကောင်း မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများနှင့်လည်းကောင်း ပိုမို၍ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်း ဖြစ်ပါသည်။

အထူးမှာ-ယခုကဲ့သို့ ကျေးရွာသူ/သားများ စုစည်းညီညာစွာ တိုင်ပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရေရှည်မှာပါ ပို၍ ထိရောက်အောင်မှာ မလွဲပါ။

ထို့ပြင် မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကို တိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် ဦးထင်ဝင်း၊ ဦးတင်ဆွေ(၁)၊ မောင်သန့်ဇင်ဝင်း၊ မဥမ္မာချို၊ မဆွေမာဝင်း၊ မမေသူအောင်နှင့် ကျေးရွာသူ/သားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆက်ဝန်ထမ်းများ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တက်သည့်ပညာရှင်များပင် ဖြစ်ပါတော့သည်။



ကျေးရွာအုပ်ချုပ်ရေးမှူး

ဟိုင်းတောကျေးရွာ၊ သနပ္ပင်ကုန်းအုပ်စု

မြိုင်မြို့နယ်

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ သမိုင်းကြောင်း

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ စတင်တည်ထောင်ချိန်တွင် အဖိုးကြီး၊ အဖွားကြီးငါးဦးမှ မွေးဖွားခဲ့သော မိသားစု(၁၅)ဦးမှ စတင်နေထိုင်ခဲ့သည်ဟု ရွာ၏သမိုင်းတွင် တွေ့ရပါသည်။ ဟိုင်းတောရွာသည် ထိုအချိန်က ရွာအမည်မရှိသေးသဖြင့် သီရိဓမ္မာအသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စိမ့်ကန်ရွှေမုဋ္ဌေါဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ အနောက်မြောက်ဘက်(၂)ဖာလုံခန့်အကွာတွင်ရှိ၍ ရာဟုထောင်ကျသောကြောင့် ရွာအမည်ကို ဟိုင်းစုရွာဟုခေါ်တွင်ခဲ့သည်။ ယခင်က ဟိုင်းစုရွာဟုခေါ်ခဲ့ပြီး ယခုအခါမှာ ဟိုင်းတောရွာဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြပါသည်။ ဟိုင်းစုဟူသော ရွာအမည်ကို ရွာဦးဘုန်းတော်ကြီးကျောင်းတွင်ရှိသော ဘီရိုတွင် ယနေ့တိုင်မြင်တွေ့နေရပါသည်။ ရွာ၏အနောက်ဘက်တွင် လက်ငင်ရေတွင်းကျယ်ကြီး(၁)တွင်း ရှိပါသည်။ ထိုရေတွင်းကြီးကို ရှေးအခါက ဘုရင်မင်းမြတ်များ ပင်ရေကိုတော်ကောက်ခဲ့ကြသည်ဟု ရှေးလူကြီးများက ပြောစကားရှိပါသည်။ ထိုရေတွင်းကို အမှီပြု၍ ဟိုင်းတောကျေးရွာသူ၊သားများ နေထိုင်ခဲ့ကြပါသည်။ ကျေးရွာတည်ရှိပြီးနောက် (၁၃၂၀)ခုနှစ်တွင် အိမ်ခြေပေါင်း(၃၇)ဦး တည်ရှိပြီး ယနေ့တွင်(၃၈)ဦး ရှိပါသည်။ ကျေးရွာ၏ ရွာလယ်လမ်းမကြီးကို (၁၃၄၀)ခုနှစ်တွင် အကျယ်(၁၈)ပေနှင့် ဖြောင့်တန်းစွာ ဖောက်လုပ်ခဲ့ပါသည်။ ယခင်က ကိုးကွယ်ခဲ့သော ရွာ၏အရှေ့မြောက်ဘက်ရှိ ဘုန်းတော်ကြီးကျောင်းမှာ ခေတ်အခါပျက်၍ ဆရာတော် မဟာစရိယ ဦးအာဒိစ္စ မှ ဟိုင်းတောရွာဦးသို့(၁၃၀၉)ခုနှစ်တွင် ပြောင်းရွှေ့ကိုးကွယ်ခဲ့ပါသည်။ ဆရာတော်သည် ကျောင်းဆောက်နေ့စဉ် ပျံလွန်တော်မူသွား၍ ဆရာတော် ဦးဇာဂရ မှ ဆက်လက်ဆောက်လုပ်ပြီး စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်ခဲ့ပါသည်။ ထို့နောက် ဆရာတော် ဦးပညာဇောတ သီတင်းသုံးကျောင်းထိုင်ပြီး ဘုရားဆောင်နှင့် လက်ငင်ရေတွင်းတူးဖော် ဆောက်လုပ်ခဲ့ပါသည်။ ယခုကျောင်းထိုင်တော်မူသော ဆရာတော် ဦးဝိမလ လက်ထက်တွင် ကျောင်းမဆောင် အားပြုပြင်ခဲ့ပြီး (၁၃၇၈)ခုနှစ်တွင် တခြားမြို့မှ ကုသိုလ်ရှင်နှင့်ကျေးရွာသူ၊သားများ ဝိုင်းဝန်း၍ သိမ်နှုတ်သမုတ်တော်မူပြီး သိမ်ကျောင်းဆောင်ကို ပစ္စုဏ္ဏသမဂ္ဂသုခ မိသားစု မှ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

Scanned by CamScanner

မြိုင်မြို့နယ်၊ သနပ်ပွင်ကုန်းကျေးရွာအုပ်စု၊ ဟိုင်းတောကျေးရွာ၏
အခြေခံသတင်းအချက်အလက်

ရက်စွဲ။ ။

ကျေးရွာအမည် -ဟိုင်းတောကျေးရွာ
ကျေးရွာအုပ်စု -သနပ်ပွင်ကုန်းအုပ်စု
မြို့နယ် -မြိုင်မြို့နယ်
တိုင်းဒေသကြီး -မကွေးတိုင်းဒေသကြီး
မိသားစု စုစုပေါင်း -၃၈

အိမ်ထောင်စုစုပေါင်း -၃၈

အသက်အပိုင်းအခြားအလိုက် ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၆၉ | ၉၃ | ၁၆၂ |
| ၀ မှ ၅ နှစ်အောက် | ၁၁ | ၁၁ | ၂၂ |
| ၅ မှ ၁၃ နှစ်အောက် | ၇ | ၁၁ | ၁၈ |
| ၁၃ မှ ၁၈ နှစ်အောက် | ၆ | ၇ | ၁၃ |
| ၁၈ မှ ၃၄ နှစ်အောက် | ၁၈ | ၂၅ | ၄၃ |
| ၃၅ မှ ၆၀ နှစ်အောက် | ၁၉ | ၂၆ | ၄၅ |
| ၆၀ နှစ်နှင့်အထက် | ၈ | ၁၃ | ၂၁ |

| မိသားစုအမျိုးအစား | တောင်သူ | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သော မိသားစု စုစုပေါင်း | ၇ | ၅ | - | ၁၂ |
| အမျိုးသမီးဦးဆောင်မိသားစု စုစုပေါင်း | - | ၅ | - | ၅ |
| မသန်စွမ်းဦးဆောင်မိသားစု | - | - | - | ၂ |

အဓိကအသက်မွေးဝမ်းကြောင်း နှင့် ပတ်သက်သော ပိုင်ဆိုင်မှုများ

ဆိုင်ကယ် -၃၆ စီး
ဖုန်း -၅၅ လုံး
နွားလှည်း -၇ စီး
နွားလှည်း(ရေစည်) -၂ စီး
တီဗွီ/ဗီဒီယို -၁၅ လုံး
စက်ဘီး -၂၀ စီး
ဂြိုလ်တု စလောင်း -၁၀ လုံး

Scanned by CamScanner

| | |
|---|---|
| နွားစာစဉ်းစက် | -၁ လုံး |
| ဆီကြိတ်စက် | -၁ လုံး |
| အပ်ချုပ်စက် | - ၇ လုံး |
| ချွေလှေ့စက် | - |
| ရိတ်သိမ်းစက် | - |
| လယ်ထွန်စက် | - |
| လက်တွန်းထွန်စက် | - |
| သုံးဘီး | - |
| ထော်လာဂျီ | - |
| ကား | -၁ စီး |
| ရေနံတူးစက် | - |

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

| | |
|---|---|
| နွား(ခိုင်း) | - ၁၅ကောင် |
| နွား(မွေး) | -၁၈ကောင် |
| ဝက် | -၄ ကောင် |
| ကြက်ခြံ | - |
| ဆိတ် | - |
| သိုး | -၃၅ ကောင် |

ရွှေ့ပြောင်းလုပ်သားဦးရေ

| | |
|---|---|
| ပြည်တွင်း | -၃၅ ယောက် |
| ပြည်ပ | - |

စိုက်ပျိုးရေးမြေပိုင်ဆိုင်မှု(ဧက)

| | |
|---|---|
| လယ်မြေ | -၃၁ ဧက |
| ယာမြေ | -၁၈၃ ဧက |
| ဥယျာဉ်ခြံ | - |
| ပလပ်မြေ/ကျစ်မြေ | - |
| သနပ်ခါးစိုက်ပျိုးမြေ | -၁၂ ဧက |
| စကျက်မြေ | - |
| သစ်တောမြေ | - |

သောက်သုံးရေရရှိမှု

| | |
|---|---|
| အဝီစိစက်ရေတွင်း | - |
| ရေလှောင်ကန် | - |
| ဝေ့ကျယ် ရေတွင်း | - ၁ တွင်း |

Scanned by CamScanner

မြေသားရေကန် -
မြစ် -
ချောင်း -
ဆည် -
လက်နှိပ်တုံကင် -
ရေပိုက်လိုင်းသွယ် -ရှိ

အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်အုပ်စု အမျိုးအစားအရ မှတ်တမ်း

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁ | နေ့စားလုပ်သား | ၅၆ |
| ၂ | ထန်းတောပိုင်<br>ထန်းပင်(၂၀)အောက် ပိုင်သူ<br>ထန်းပင်(၂၀ မှ ၅၀)ကြား ပိုင်သူ<br>ထန်းပင်(၅၀ မှ ၁၀၀)ကြား ပိုင်သူ<br>ထန်းပင်(၁၀၀) အထက်ပိုင်သူ | <br>၁၅<br>၁၀ |
| ၃ | ထန်းလုပ်သား | |
| ၄ | ဈေးရောင်း<br>အကြော်/ပဲပြုတ်<br>ဟင်းသီးဟင်းရွက်<br>ကုန်စုံဆိုင်(အကြီး)<br>ကုန်စုံဆိုင်(အသေး) | <br><br><br><br>၂ |
| ၅ | လယ်ယာပိုင်သူ<br>လယ်/ယာ(၁)ဧက အောက်ပိုင်သူ<br>လယ်/ယာ(၂)ဧက အောက်ပိုင်သူ<br>လယ်/ယာ(၃)ဧက အောက်ပိုင်သူ<br>လယ်/ယာ(၄)ဧက အောက်ပိုင်သူ<br>လယ်/ယာ(၅ မှ ၉)ဧက ကြားပိုင်သူ<br>လယ်/ယာ(၁၀)ဧက နှင့် အထက် ပိုင်သူ | <br><br>၃<br>၇<br><br>၄<br>၅ |

ပညာရေးအခြေအနေ
ကျောင်းအမျိုးအစား/ဝန်ထမ်း
ကျောင်းဆရာ/ဆရာမ ဦးရေ -၃ ဦး
မူကြို -
မူလတန်း -၂ ဦး

Scanned by CamScanner

မှုလွှန်  -
အလယ်တန်း  -၁ ဦး
အထက်တန်း  -

ပညာတတ်မြောက်မှု
ဘွဲ့ရ  -၄ ဦး
အထက်တန်းအောင်  -၁၂ ဦး
အထက်တန်း  -၁၀ ဦး
အလယ်တန်း  -၁၆ ဦး
မူလတန်း  -၈၁ ဦး
ဘက  -၁၆ ဦး
ပညာမတတ်  -
အသုံးလုံး  -

ကျန်းမာရေး
ဆေးခန်း  -
အရံသားဖွား  -
ဆေးဆရာ  -
သူနာပြု  -
တိုင်းရင်းဆေး  -
အရပ်လက်သည်  -
ဘိန်းတော  -

ကျန်းမာရေးဆိုင်ရာ အခြေအနေ
အိမ်သာအသုံးပြုသော မိသားစု  -၃၇
အဖြစ်များသော ရောဂါများ  -ဖျားနာ


မသန်စွမ်း
ခြေတစ်ဖက်  -
ခြေနှစ်ဖက်  -၁
လက်တစ်ဖက်  -
လက်နှစ်ဖက်  -
ဆွံ့အ  -
နားမကြား  -
မျက်မမြင်  -၁
ကျပ်မပြည့်  -

Scanned by CamScanner

| | |
|---|---|
| အလုပ်အကိုင်ဆိုင်ရာများ | |
| တောင်သူ | -၇ ဦး |
| ထန်းတက်သူ | - |
| စက်ပြင်သူ | -၁ဦး |
| ပန်းရံလက်သမား | -၁၅ဦး |
| လက်မှုပညာလုပ်ကိုင်သူ | - |
| ထန်းသားဖျင်းသူ | - |
| ကျောက်ထုသူ | - |
| မုန့်လုပ်သူ | - |
| အကြော် ကြော်ရောင်းသူ | - |
| ယက္ကန်းယက်သူ | -၄ ဦး |
| ပန်းပဲ ပြုလုပ်သူ | - |
| ရေနံဖော်သူ | - |

Scanned by CamScanner

ရက်စွဲ ၃ . ၁၂. ၂၀၁၉



## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပွင်ကုန်းအုပ်စု၊ဟိုင်းတောကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ရက်စွဲ-၃-၁၂-၂၀၁၉

တည်နေရာ

ဟိုင်းတောကျေးရွာတွင် အိမ်ခြေပေါင်း(၃၈)အိမ်ရှိပြီး လူဦးရေအားဖြင့် (၁၅၅)ယောက်ရှိပါသည်၊ အိမ်ထောင်စုများတွင် သက်ကြီးဦးဆောင်သော ဦးရေမှာ(၉)ဦးရှိပြီး အမျိုးသမီးသက်ကြီး၊ သက်လတ်ဦးဆောင်သောဦးရေမှာ(၁၃)ရှိပါသည်။ ကျန်(၁၅)ဦးမှာ အမျိုးသားဦးဆောင်သော အိမ်များဖြစ်ပါသည်၊

ရေရရှိမှု

ဟိုင်းတောကျေးရွာတွင် စက်ရေတွင်း(၁)တွင်းနှင့် လက်ရေတွင်း(၂)တွင်းရှိပါသည်၊ စက်ရေတွင်းနှင့် လက်ရေတွင်း(၁)တွင်းမှာ ရွာဦးဘုန်းတော်ကြီးကျောင်းဝန်းအတွင်း၌ ရှိပါသည်၊ ရွာဦးကျောင်းမှ စက်ရေတွင်းမှာ ကွန်နဆာတွင်းအမျိုးအစားဖြစ်ပြီး အနက်ပေ(၃၀၀)ခန့်ရှိသည့်အတွက် ရေအမျိုးအစားမှာ သင့်အတင့်အနေအထားသာရှိပါသည်။ လက်ရေတွင်း(၁)တွင်းမှာ ရွာ၏အနောက်ဘက်(၃)ဖာလုံခန့်တွင် ရှိပါသည်။ ယခင်နှစ်များတွင် အခြားရွာများမှလည်း ထိုရေတွင်းကိုလာရောက်စပ်ယူသုံးစွဲသဖြင့် နွေရာသီအချိန်မျိုးတွင် ရေလုံလောက်မှုမရှိသဖြင့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပါသည်။ (၂၀၁၃)ခုနှစ်တွင် ရွာဦးကျောင်း၌ စက်ရေတွင်းတူးဖော်ခဲ့ပါသည်။ ယခုအခါ ထိုစက်ရေတွင်းမှ ရွာဦးကျောင်းအတွင်းရှိ ရေစင်သို့တင်ကာ ကျေးရွာအတွင်းသို့ ရေပိုက်များဖြင့် သွယ်ကာ အိမ်တိုင်း၊ အိမ်တိုင်းတွင် ရေမီတာစနစ်ဖြင့် တပ်ဆင်သုံးစွဲလျှက်ရှိပါသည်။ ရေမီတာကို(၁)ယူနစ်လျှင်(၂၅၀)ကျပ်နှုန်းဖြင့် လစဉ်ကောက်ခံလျှက်ရှိပါသည်၊ ရွာဦးကျောင်းရှိ လက်ရေတွင်း(၁)တွင်းမှာ ရေငန်သောကြောင့် သုံးစွဲရာတွင် အဆင်မပြေသည့်အတွက် သုံးစွဲမှုနည်းပါးပါသည်။

ကျန်းမာရေး

အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ရွာမှ(၁)မိုင်ခန့်ဝေးသော သနပ်ပွင်ကုန်းကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနမှ ကူညီစောင့်ရှောက်ပေးလျှက် ရှိပါသည်။ ကျန်းမာရေးအခြေအနေအခက်အခဲဖြစ်ပါက ထိုမှတစ်ဆင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ လွှဲပေးကာ သွားရောက်ကုသရပါသည်၊ သာမာန်ကျန်းမာရေးပြဿနာများကို ကျေးရွာများသို့ လိုက်လံကုသပေးသော အရပ်ဆေးဆရာများဖြင့် ကုသကြရပါသည်၊ ကျေးလက်ကျန်းမာရေးဌာနသို့သွားလျှင် လမ်းမှာတောလမ်းဖြစ်သဖြင့် အခက်အခဲများနှင့်ကြုံတွေ့ရပါသည်။ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားလျှင်လည်း(၅)မိုင်ခန့်ဝေးပါသည်၊ နွေရာသီ၊ ဆောင်းရာသီများတွင် အခက်အခဲများစွာ မတွေ့ရသော်လည်း မိုးရာသီတွင်လမ်းမှာ ကြမ်းတမ်းသဖြင့် အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနရှိလျှင် ပို၍အဆင်ပြေပါသည်။

စီးပွားရေး

ဟိုင်းတောကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး အခြားလုပ်ငန်းများမှာ မွေးမြူရေး၊ စက်ချုပ်လုပ်ငန်းနှင့် လက်မှုလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးတောင်သူလုပ်ကိုင်သူများမှာ (၈)ဦးရှိပါသည်။ အခြားလုပ်ငန်းများဖြစ်သည့် လက်သမား၊ ပန်းရံလုပ်ကိုင်သူမှာ (၁၅)ဦးခန့်ရှိပါသည်။ ကျန်(၁၄)ဦးမှာ ရာသီအလိုက် ကျဘမ်းလုပ်သားများဖြစ်ကြပါသည်။ တစ်ချို့မှာ မြို့ပြများသို့ သွားရောက်ပြီး စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

ပညာရေး

အခြေခံပညာမူလတန်းအဆင့်ကို ရွာမှ(၄)ဖာလုံခန့်ဝေးကွာသော ဗိမ္မာန်မရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ပညာသင်ယူကြပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့်ကို (၅)မိုင်ခန့်ဝေးသော မြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်သင်ယူကြပါသည်။ ထိုသို့သွားရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများနှင့်ကြုံတွေ့ရပါသည်။ အခြေခံပညာမူလတန်းအဆင့်ကို သွားရောက်ပညာသင်ကြားသည့် ကလေးငယ်များမှာ ဝေးကွာသည့်အပြင် တောလမ်းဖြစ်သည့်အတွက် အခက်အခဲများနှင့်ကြုံတွေ့ရပါသည်။ လမ်းခရီးမှာ လယ်ကန်သင်း၊ ကန်ပေါင်ရိုးများ မှ သွားရောက်ရသည့်အတွက် အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ လမ်းခရီးမှာ လယ်ကန်သင်း၊ ကန်ပေါင်ရိုးများ မှ သွားရောက်ရပါသည်။ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းဆင့်ကို သွားရောက်ပညာသင်ယူရာတွင် (၃)မိုင်ခန့်မှာ တောလမ်းခရီးဖြစ်သည့်အတွက် လမ်းခရီးခက်ခဲမှုများ ကြုံတွေ့ရပါသည်။ (၂)မိုင်ခန့်မှာ ကတ္တရာလမ်းဖြစ်သည့်အတွက် သွားလာရာတွင် အဆင်ပြေပါသည်။ ထိုအခက်အခဲများကို ယနေ့အထိတိုင် ကြုံတွေ့နေရသဖြင့် ကျေးရွာတွင် အခြေခံပညာသင်ကျောင်းရှိလျှင် ထိုအခက်အခဲများကို ကျော်လွှားနိုင်မည် ဖြစ်ပါသည်။

ဘာသာရေး

ကျေးရွာ၏ အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းရှိပါသည်။ ဘုန်းတော်ကြီးကျောင်းတွင်(၁)ဆူနှင့် ရုပ်ပွားဆင်းတုတော်များကို တည်ထားကိုးကွယ်ကြပါသည်။ ထို့ပြင် သိမ်၊ကျောင်းဆောင်၊ ဆွမ်းစားဆောင်နှင့် ဇရပ်များ ရှိပါသည်။ ဥပုသ်ရက်များများတွင် ရွာဦးကျောင်း၌ သီတင်းသီလဆောက်တည်ကြပါသည်။ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပါသည်။ ကထိန်ပွဲတွင် စေတနာရှင် မှ ကထိန်သင်္ကန်း နှင့် အခြားလှူဖွယ်ဝတ္ထုများကို လှူဒါန်းဆက်ကပ်ကြပါသည်။ နှစ်စဉ်တပို့တွဲလဇွတ်ရိုးရာပွဲတော်အဖြစ် ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျှက်ရှိပါသည်။ တန်ခူးလတွင်လည်း သက်ကြီးရွယ်အိုများကို နှစ်စဉ်ပူဇော်ကန်တော့ကြပါသည်။ ကန်တော့ရာတွင် လူကြီးများအား လူငယ်များမှာ ရေချိုးပေးခြင်း၊ ခြေသည်း၊လက်သည်းများကိုညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်းစသည်တို့လုပ်ဆောင်ပေးကြပါသည်။ ရွာဦးကျောင်းသို့ လူငယ်များမှ နေ့စဉ်သန့်ရှင်းရေးလုပ်ငန်းများကို အလှည့်ကျလုပ်ဆောင်ပေးခြင်းဖြင့် ကုသိုလ်ယူကြပါသည်။

လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးမှာ ရွာနီးခြင်းများနှင့်မြို့များသို့သွားရောက်ပါက တောလမ်းခရီးမှ စတင်သွားရပါသည်။ ထိုတောလမ်းမှာ လူသွားလမ်း၊ လှမ်းလမ်းများဖြစ်သည့်အတွက် သဲရိုး၊ရေရိုးများကိုဖြတ်ကျော်ရပါသည်။ ကားများဖြစ်သန်းရာတွင်လည်း လမ်းမှာကြမ်းလှပါသည်။ မိုးရာသီတွင် ရွှံ့အိုင်များ၊

ရေအိုင်များ၊ သဲရိုးများကို ဖြတ်ကျော်ရသည့်အတွက် အခက်အခဲရှိပါသည်။ စက်ဘီး၊ ဆိုင်ကယ်များသွားလာရာတွင်လည်း လမ်းမှာချော်သည့်အတွင် အန္တရာယ်များနှင့်လည်း ကြုံတွေ့ရပါသည်။

လျှပ်စစ်မီးရရှိရေး

ဟိုင်းတောကျေးရွာတွင် လျှပ်စစ်မီးရရှိရန် ၂၀၁၇-ခုနှစ်၊ (၇)လပိုင်းတွင် လျှပ်စစ်မီးလင်းရေးကော်မတီ စတင်ဖွဲ့စည်းရန်လည်းဆောင်ရွက်ခဲ့ပြီး မြို့နယ်လျှပ်စစ်ဌာနသို့တင်ပြကာ ကုန်ကျငွေများတွက်ချက်၍ မြို့နယ်လျှပ်စစ်နှင့်လက်တွဲကာ မီးတိုင်စိုက်ခြင်းလုပ်ငန်း၊ မီးကြိုးသွယ်ခြင်းလုပ်ငန်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပါသည်။ ရံပုံငွေရရှိမှုမှာ အလှူရှင်မှ(သုံးရာနှစ်ဆယ့်ငါးသိန်း) ကျေးရွာမှ(ခြောက်ဆယ့်ရှစ်သိန်း)ထည့်ဝင်မှုဖြင့် ၂၀၁၈-ခုနှစ်လပိုင်းတွင် ဟိုင်းတောကျေးရွာအား လျှပ်စစ်မီးလင်းနိုင်ခဲ့ပါသည်။ လျှပ်စစ်မီးရရှိသည့်အတွက် လူနေမှုအဆင့်အတန်းများဖြင့် တက်ခဲ့ပြီး လျှပ်စစ်မီး နှင့်လုပ်ရသည့် စီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူအဆင်ပြေစွာ လုပ်နိုင်ကြပြီး ဝင်ငွေများလည်း တိုးတက်ရရှိကြပါသည်။ အိမ်ရှင်မများလည်း ထမင်းဟင်းချက်လုပ်ငန်းမှာ စ၍လွယ်ကူအဆင်ပြေ၍ အခြားဝင်ငွေရလုပ်ငန်း လုပ်ငန်းများတွင် အချိန်ပေးလုပ်ဆောင်နိုင်ကြပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
လူမှုရေးနှင့် အရစ်မြစ်ပြ မြေပုံ အစည်းအဝေးမှတ်တမ်း

ရက်စွဲ-၃-၁၂-၂၀၁၉

အစည်းအဝေးနေရာ -ဘုန်းတော်ကြီးကျောင်း
စတင်ချိန် -(၁း၀၀)နာရီ
ပြီးဆုံးချိန် -(၃း၀၀)နာရီ
ကြာချိန် -(၂း၀၀)နာရီ
အစည်းအဝေးတက်ရောက်သူ-ကျား-၁၅
မ-၁၁
စုစုပေါင်း -၂၆

အစည်းအဝေးကို ရပ်မိရပ်ဖ ဦးတင်ဝင်း မှ စတင်မိတ်ဆက်၍ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ ရေးဆွဲရခြင်း ရည်ရွယ်ချက်ကို ကျေးရွာလူထုအား ရှင်းပြပါသည်။ ဦးတင်ဝင်းမှ မြေပုံရေးဆွဲရခြင်း၊ ရည်ရွယ်ချက်ရှင်းပြပြီး စတင်ရေးဆွဲရာ ဒေါ်ဥမ္မာချို မှ A4 စာရွက်ပေါ်တွင် ရွာလယ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို စတင်ရေးဆွဲခဲ့ပါသည်။ ရပ်မိရပ်ဖ ဦးတင်ဝင်း မှ ကျေးရွာတွင်းရှိ အိမ်အနေအထားများကို ပုံစံတူတွေ မဖြစ်ဖို့ပြောပါသည်။ ဦးသန့်ဇင်ဝင်း မှ ကျေးရွာရှိ အိမ်ပုံစံများကို ရေးဆွဲခဲ့ပါသည်။ ရွာပတ်ဝန်းကျင်ရှိ လယ်ယာမြေများနှင့် ဘုန်းကြီးကျောင်းများထည့်ဆွဲရန် မခင်ဆွေမာဝင်း မှ ပြောပါသည်။ ဦးတင်ဝင်း မှ ကျေးရွာရှိ စီးပွားရေးလုပ်ငန်းလုပ်တဲ့ အိမ်တွေ၊ ဥပမာတွေပြောရရင် အပ်ချုပ်ဆိုင်တွေ၊ စက်ရှိတဲ့အိမ်တွေ၊ ကားရှိတဲ့ အိမ်တွေစသော ကိုယ်ကျေးရွာထဲမှာ စီးပွားရေးအရင်းအမြစ်ရှိတဲ့နေရာအားလုံးထည့်ရေးဆွဲပေးရမှာ ဖြစ်ကြောင်း ပြောပြရာ ဦးတင်ဆွေ၊ ဦးသန့်ဇင်ဝင်း၊ ဒေါ်ဥမ္မာချိုနှင့် ဒေါ်ခင်ဆွေမာဝင်း တို့(၄)ဦး မှ ရေးဆွဲ၍ တက်ရောက်လာသော ရွာသူရွာသားအပေါင်းမှ စီးပွားရေးအရင်းအမြစ်များရှိသော နေရာများမှ ရွာအနောက်မြောက်ပိုင်းမှာ ရှိသော သချိုင်းသွားတဲ့လမ်းပုံထည့်ဆွဲဖို့ ပြောပါသည်။

အိမ်စိုက်သနပ်ခါးခြံထည့်ဆွဲဖို့ လိုသေးတယ်လို့ ဒေါ်ဥမ္မာချို မှ ပြောပါသည်။ နောက်ထပ်ဘာတွေကျန်သေးလဲလို့ ဦးတင်ဝင်း မှ မေးရာ ဘုန်းတော်ကြီးကျောင်းထဲမှာ ရေတွင်းနဲ့ရေစင်လိုသေးတယ်လို့ ဦးသန့်ဇင်ဝင်း မှ ပြောပါသည်။ ဒီလိုဆိုရင်မြေပုံက ပြည့်စုံသလောက်ရှိသွားပါပြီ။ အခုလိုလူမှုရေးနှင့် အရင်းအမြစ်မြေပုံရေးဆွဲနိုင်အောင် ဝိုင်းဝန်းလုပ်ဆောင်ပေးကြတဲ့အတွက် ကျေးရွာသူ၊ သားများ အားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်ဆွဲရမည့် မြေပုံနဲ့လုပ်ငန်းစဉ်တွေကိုလဲ အခုလိုတက်တက်ကြွကြွနဲ့ ဝိုင်းဝန်းလုပ်ဆောင်ပေးဖို့ ပြောကြားရင်း အစည်းအဝေးကို (၃း၀၀)နာရီ အချိန်တွင် ဦးတင်ဝင်း မှ ရုတ်သိမ်းခဲ့ပါသည်။

မှတ်တမ်းရေးသူ

မိမိထွန်း

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ အစည်းအဝေးတက်ရောက်သူစာရင်း

ရက်စွဲ၊ ၃-၁၂-၂၀၁၉

| စဉ် | အမည် | ကျေးရွာ | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးညိုမြင့် | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၂ | ဦးတင်ဝင်း | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၃ | ဦးမြင့်လွင် | ဟိုင်းတော | ရွာခွဲတာဝန်ခံ | | |
| ၄ | ဦးမာဒင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၅ | ဦးဝိုးနိုင် | ဟိုင်းတော | | | |
| ၆ | ဦးဇော်မျိုးအောင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၇ | ဦးအောင်လွင် | ဟိုင်းတော | | | |
| ၈ | ဦးမြင့်ဝင်း+ ဇာ | ဟိုင်းတော | | | |
| ၉ | ဦးဝေမင်း | ဟိုင်းတော | | | |
| ၁၀ | ဦးဝင်းမင်းသန့် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၁၁ | ဦးညိုမောင်း | ဟိုင်းတော | | | |
| ၁၂ | ဒေါ်အုံးကြည် | ဟိုင်းတော | | | |
| ၁၃ | ဒေါ်စန်းကြည် | ဟိုင်းတော | | | |
| ၁၄ | ဒေါ်ညွန့်ခင် | ဟိုင်းတော | | | |
| ၁၅ | ဒေါ်စန်းယုမော် | ဟိုင်းတော | | | |
| ၁၆ | ဦးတင်ဆွေ-၂ | ဟိုင်းတော | | | |
| ၁၇ | ဒေါ်အေးမြင့် | ဟိုင်းတော | | | |
| ၁၈ | ဦးအောင်ဌေး | ဟိုင်းတော | | | |
| ၁၉ | ဦးသန်းလှိုင် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်အေးမြိုင် | ဟိုင်းတော | | | |
| ၂၁ | ဒေါ်ယမင်းခိုင် | ဟိုင်းတော | | | |
| ၂၂ | ဒေါ်ရီရီသန့် | ဟိုင်းတော | | | |
| ၂၃ | ဦးကျော်ကျော်မင်း | ဟိုင်းတော | | | |
| ၂၄ | ဒေါ်ဖြူရှိန် | ဟိုင်းတော | | | |
| ၂၅ | ဒေါ်ချို | ဟိုင်းတော | | | |
| ၂၆ | ဒေါ်စိန်မြရီ | ဟိုင်းတော | | | |

Scanned by CamScanner

၇၈၉-၉ ·၁၁·၁၀၁

ဓလေ့ထိုင်းဒေသကြီး၊ ပထမအချိန်၊ မြိုင်မြို့နယ်၊ ၁၁နယ်ပိုင်ရွာ၊ ပိုင်းဝေဒေသအကျေးရွာ၏ ရာသီဥတုပြက္ခဒိန်

| ကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | [illegible] | [illegible] | [illegible] | [illegible] | [illegible] | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | | | | | ၃၇ | ၁၁ | မိုးခေါင်သီးနှံ [illegible] |
| ယာ/ဘာခြေ | | | | | | | | | | | | | | | | ၇ | | မိုးကျ [illegible] |
| မွေးမြူရေး | | | | | | | | | | | | | | | ၅ သိုး | ၅ | | [illegible] |
| ကျန်းမာ | | — | | | | | | | | | — | — | ၃၀၀၀ | ၆၀၀၀% | | ၂၀ | | [illegible] |
| ၅.ငွေကြေး လုပ်သား | | — | — | — | — | — | | — | — | — | | — | ၄၀၀၀ | ၁၃၀၀၀% | | ၅ | | [illegible] |
| ဝင်ငွေ ဖူလုံမှု | | | | | | | | | | | | | | | | | | [illegible] |
| ကျန်းမာရေး | | | | | | | | | | | | | | | | | | [illegible] |

အညွှန်း

- နေ
- မိုးတိမ်
- မီးရှို့
- ရှင်း
- သီးနှံစိုက်
- မိုးကောင်း
- ဆေးဖျန်း
- တင်းတောင်း
- ဂိုဒေါင်
- ဝံ့စင်
- ထွန်ချစ်
- မွေးမြူရေး (ဆိုး၊ ဆိတ်၊ ခြင်)
- မျက်စိနာ
- အားနာ
- ရိတ်သိမ်းရေး (စပါး)
- လူ
- အလုပ်မရှိ
- ကျန်းမာရေးကောင်း

ပံ့ပိုးကူညီသူ-

ဦးတင်ဝင်း
ဦးတင်ဆွေ (၁)
မဥမ္မာချို
မဌေးမာဝင်း
မမေသူအောင်
မသဲဇဝင်း

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ ရာသီခွင်ပြဇယားသုံးသပ်ချက်

ရက်စွဲ၊ ၃-၁၂-၂၀၁၉

### ရာသီဥတု

ဟိုင်းတောကျေးရွာတွင် တန်ခူးလရာသီ၌ နေကျဲကျဲပူပါသည်၊ ကဆုန်နေပူပြီး နယုန်လတွင် မိုးရွာပါသည်၊ ဝါဆိုလနှင့် ဝါခေါင်လတို့တွင် မိုးနည်းပြီး တော်သလင်းလတွင် မိုးများစွာ ရွာသွန်းပါသည်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွင်တို့ထိ မိုးရွာလျှက်ရှိပြီး နတ်တော်လတွင် နှင်းဖွဲ့ကလေးများ ကျဆင်းပါသည်။ တပေါင်းလတွင် နေပူလျှက်ရှိပါသည်၊ အများအားဖြင့် နေပူသည့်ဒေသဖြစ်သောကြောင့် လယ်ယာမြေလုပ်ငန်းများတွင် အခက်အခဲများနှင့် ကြုံတွေ့နေပါသည်၊

### လယ်၊ယာမြေ

ဟိုင်းတောကျေးရွာတွင် တန်ခူး၊ ကဆုန်လများတွင် ထွန်ကြပြီး၊ နယုန်လတွင် သီးနှံများ စတင်စိုက်ပျိုးကြသည်၊ ဝါဆိုလတွင် ကြားတိုက်၊ ပေါင်းသင်၊ ဆေးဖျန်းကြပြီး ဝါခေါင်လတွင် ပဲတီစိမ်းနှင့် သီးနှံများရိတ်သိမ်းကြသည်။ ဝါခေါင်လနှင့် တော်သလင်းလတွင် စပါးစတင်၍ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးကြသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် သီးနှံများ ဖြိုင်ဖြိုင်ထွက်လာကြသည်။ နတ်တော်လတွင် ပြန်လည်ရိတ်သိမ်းကြသည်။ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် သီးနှံများရိတ်သိမ်းပြီးသည့်အတွက် သိုလှောင်သိမ်းဆည်းကြပါသည်။

### မွေးမြူရေး

ဟိုင်းတောကျေးရွာ၏ မွေးမြူရေးလုပ်ငန်းမှာ ဆိတ်၊သိုး၊ဝက်၊ အိမ်မွေးကြက်များနှင့် နွားများကို မွေးမြူကြသည်။ နွေရာသီတွင် အစာအခက်အခဲနှင့်လည်း ကြုံတွေ့ရပါသည်။ ပျမ်းမျှအားဖြင့် တစ်နှစ်စာဝင်ငွေမှာ (၅)သိန်းခန့်ရှိပါသည်။ မိုးများသောကာလနှင့် အေးသောလများတွင် ကျန်းမာရေးချို့တဲ့မှုများရှိသဖြင့် အသေအပျောက်များလည်းရှိသည့် အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။

### ကျဘမ်းလုပ်ကိုင်သူ

ကျေးရွာအတွင်းရှိ ကျဘမ်း လုပ်ကိုင်သူများမှာ တန်ခူးလတွင် ပေါင်းသင်၊ မြက်ရှင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကဆုန်လတွင် အလုပ်အကိုင်များ ရှားပါးမှုရှိပါသည်။ နယုန်၊ ဝါဆိုလများတွင် သီးနှံများ စတင်စိုက်ပျိုးသည့် လုပ်ငန်းနှင့် ပိုးကျသည့်သီးနှံများကို ဆေးဖျန်းသည့်လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဝါခေါင်လတွင် နှမ်းများရိတ်သိမ်းကြပြီး စပါးများတိုက်ရိုက်မျိုးစေ့ချသည့် အလုပ်များလုပ်ကိုင်ကြသည်။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ပေါင်းသင်၊ မြက်ရှင်းနှင့်လိုအပ်သည့် လုပ်ငန်းဆောင်ရွက်များ လုပ်ကိုင်ကြသည်။ ထိုလုပ်ငန်းများလုပ်ကိုင်ရာတွင် တစ်ရက်ဝင်ငွေမှာ (၃၀၀၀)ရရှိပြီး တစ်လလုံးတွင်(၆၅၀၀၀)ခန့်သာရရှိကြသည်။ အချို့လများနှင့်ရက်များတွင် နေ့စဉ်အလုပ်မရှိသည့်အတွက် ဝင်ငွေနည်းပါးသည့်ပြဿနာနှင့်လည်း ကြုံတွေ့ရပါသည်။

Scanned by CamScanner

ရွှေ့ပြောင်းလုပ်သား

ကျေးရွာမှ ရွှေ့ပြောင်းလုပ်သားများသည် လပေါင်းများစွာ မြို့ကြီးများသို့ သွားရောက်လုပ်ကိုင်ကြသည်။ နှစ်သစ်ကူးရုံးပိတ်ရက်များနှင့် ဘုရားပွဲတော်ရက်များဖြစ်သည့် သီတင်းကျွတ်လနှင့် တပို့တွဲလများတွင် ရွာ သို့ခေတ္တခနပြန်လာကြပါသည်။ ထိုသို့လုပ်ကိုင်သူများ၏ တစ်ရက်ဝင်ငွေမှာ(၄၀၀၀)ခန့်ရှိပြီး တစ်လဝင်ငွေ(၁၂၀၀၀၀)ခန့်ရှိပါသည်။ မိမိရပ်ရွာသို့ ပြန်လာလျှင် အလုပ်မရှိသည့်အပြင် မိမိရပ်ရွာတွင် အခြေချမည်ပြုသော်လည်း အလုပ်အကိုင်အဆင်မပြေသည့် ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေပါသည်။

ဝမ်းစာဖူလုံမှု

ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေမှာ မိုးရာသီနှင့် သီးနှံရိတ်သိမ်းပြီးသည့်အချိန်တွင် ဝမ်းစာဖူလုံမှုပြည့်ဝမှုရှိပါသည်။ ကျန်လများတွင် ဝမ်းစာဖူလုံမှု အတင့်အသင့်ရှိပါသည်။ ကျေးရွာ၏ တစ်နှစ်စာဝမ်းစာဖူလုံမှုမှာ မျှတလုံလောက်ရုံသာရှိပါသည်။ မိုးခေါင်သည့်နှစ်များတွင် ကျေးရွာအတွင်းရှိ ရွာသူ၊ရွာသားတို့၏ ဝမ်းစာဖူလုံမှုမှာ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ရပါသည်။

ကျန်းမာရေး

ကျေးရွာ၏ကျန်းမာရေးအခြေအနေမှာ ရာသီအလိုက်နာစေး၊ ချောင်းဆိုးခြင်းများ မကြာခဏဖြစ်တတ်ပါသည်။ တန်ခူးလနှင့်ကဆုန်လများတွင် အပူများသည့်အတွက် မျက်စိနာရောဂါများ ဖြစ်တက်ပါသည်။ တော်သလင်းလတွင် ရာသီအကူးအပြောင်းဖြစ်သည့်အတွက် တုတ်ကွေးဖျားနာမှုများ မကြာခဏဖြစ်ကြပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
ရာသီခွင်ပြဇယားအစည်းဝေးမှတ်တမ်း

ရက်စွဲ၊ ၃-၁၂-၂၀၁၉

အစည်းအဝေးကျင်းပသည့်နေရာ -ဘုန်းတော်ကြီးကျောင်း
အစည်းအဝေးကျင်းပသည့်အချိန် -(၁း၀၀)
အစည်းအဝေးတက်ရောက်သည့် လူဦးရေ - ကျား-၁၅
-မ-၁၁
စုစုပေါင်း-၂၆

အကြောင်းအရာ

ဟိုင်းတောကျေးရွာ၏ ရွာသီဥတုနှင့် လရာသီအလိုက်လုပ်ကိုင်ဆောင်ရွက်မှုအခြေအနေများ လရာသီအလိုက် ဝင်ငွေရရှိမှုအခြေအနေဝမ်းစာဖူလုံမှု အခြေအနေများကို ဟိုင်တောကျေးရွာ၊သားများနှင့် Actionaid Myanmar ၏ Volunter လူငယ်လေးများ ဝိုင်းဝန်းဆွေးနွေးကြပါသည်။

ဆွေးနွေးချက်အရ မိုးရာသီတွင င တော်သလင်းလတွင် မိုးအများဆုံးရွာပြီး စပါးကို တော်သလင်းလတွင်း စိုက်ပျိုးသည်ဟု သိပြီး ရာသီးနှံကို ကဆုန်နယုန်လတွင် စိုက်ပျိုးကြပါသည်။ နွေရာသီတွင် အပူပိုင်းဒေသဖြစ်သောကြောင့် အပူချိန်အလွန်ပြင်းသည်ဟု သိရပြီး သီးနှံစိုက်ပျိုးကြမည်။ တောင်သူလယ်သမားများ အခက်အခဲများ ကြုံတွေ့ကြပါသည်။

ဝမ်းစာဖူလုံမှု အခြေအနေဆွေးချက်

ဝမ်းစာဖူလုံမှုအခြေအနေမှာ တပေါင်း၊ တန်ခူး၊ ကဆုန်လများတွင် ဝမ်းစာဖူလုံမှုရှိပြီး ဝါ ဆိုဝါခေါင်လများတွင် ဝမ်းစာဖူလုံမှု သင့်တင့်မျှတရုံသာရှိသည်ဟု သိရပါသည်။

ဟိုင်းတောကျေးရွာ၏ လရာသီအလိုက် ကျန်းမာရေးအခြေအနေဆွေးနွေးချက်တွင် လရာသီအလိုက် ချောင်းဆိုးနာစေးခြင်းများဖြစ်တတ်ပြီး တန်ခူး၊ ကဆုန်လများတွင် အပူချိန်များသည့်အတွက် မျက်စိနာရောဂါနှင့် တော်သလင်းတွင် ရာသီအကူးအပြောင်းဖြစ်သည့်အတွက် တုတ်ကွေးဖျားနာမှုများ ဖြစ်ကြသည်ဟု သိရှိရပါမည်။၏

ဟိုင်းတောကျေးရွာ၏ ရာသီခွင်ပြဇယားအား ဟိုင်းတောကျေးရွာသူ၊သားများ တက်ကြွစွာဆွေးနွေးပေးခဲ့ကြပြီး ဟိုင်းတောကျေးရွာ ရာအိမ်မှူးမှ ရွာသူ၊သားများကို ကျေးဇူးတင်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းရေးသူ
ညီထွေးအောင်

Scanned by CamScanner


မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
ရာသီခွင်ပြဇယားအစည်းဝေးတက်ရောက်သူများစာရင်း

ရက်စွဲ၊ ၃-၁၂-၂၀၁၉

| စဉ် | အမည် | ကျေးရွာ | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးညိုမြင့် | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၂ | ဦးတင်ဝင်း | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၃ | ဦးမြင့်လွင် | ဟိုင်းတော | ရွာခွဲတာဝန်ခံ | | |
| ၄ | ဦးမာဒင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၅ | ဦးတိုးနိုင် | ဟိုင်းတော | | | |
| ၆ | ဦးဇော်မျိုးအောင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၇ | ဦးအောင်လွင် | ဟိုင်းတော | | | |
| ၈ | ဦးမြင့်ဝင်း+ ဇာ | ဟိုင်းတော | | | |
| ၉ | ဦးဝေမင်း | ဟိုင်းတော | | | |
| ၁၀ | ဦးဝင်းမင်းသန့် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၁၁ | ဦးညိုမောင်း | ဟိုင်းတော | | | |
| ၁၂ | ဒေါ်အုံးကြည် | ဟိုင်းတော | | | |
| ၁၃ | ဒေါ်စန်းကြည် | ဟိုင်းတော | | | |
| ၁၄ | ဒေါ်ညွန့်ခင် | ဟိုင်းတော | | | |
| ၁၅ | ဒေါ်စန်းယုမော် | ဟိုင်းတော | | | |
| ၁၆ | ဦးတင်ဆွေ-၂ | ဟိုင်းတော | | | |
| ၁၇ | ဒေါ်အေးမြင့် | ဟိုင်းတော | | | |
| ၁၈ | ဦးအောင်ဌေး | ဟိုင်းတော | | | |
| ၁၉ | ဦးသန်းလှိုင် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်အေးမြိုင် | ဟိုင်းတော | | | |
| ၂၁ | ဒေါ်ယမင်းခိုင် | ဟိုင်းတော | | | |
| ၂၂ | ဒေါ်ရီရီသန့် | ဟိုင်းတော | | | |
| ၂၃ | ဦးကျော်ကျော်မင်း | ဟိုင်းတော | | | |
| ၂၄ | ဒေါ်ဖြူရှိန် | ဟိုင်းတော | | | |
| ၂၅ | ဒေါ်ချို | ဟိုင်းတော | | | |
| ၂၆ | ဒေါ်စိန်မြတ်ရီ | ဟိုင်းတော | | | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သာယုပြင်ကျေးရွာအုပ်စု၊ ပိုင်းတောကျေးရွာသို့
ဝင်ရောက်ရှုရန် အသွားအလာလမ်းပြမြေပုံ ရက်စွဲ - ၃.၁၁.၂၀၁၃ ခုနှစ်



## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ သုံးသပ်ချက်

ရက်စွဲ၊ ၃-၁၂-၂၀၁၉

### စီးပွားရေး

ဟိုင်းတောရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ စိုက်ပျိုးရေးသီးနှံများကို(၅)ခန့်ကွာဝေးသော မြိုင်မြို့နှင့် (၂၇)မိုင်ကွာသော ပခုက္ကူမြို့သို့ ကား၊လှည်းတို့နှင့် သွားရောက်ရောင်းချရပါသည်။ ရွှေ့ပြောင်းသွားလာပြီး လုပ်ကိုင်နေသော သူများရှိပါသည်။ သွားလုပ်ကိုင်သောနေရာများမှာ ရန်ကုန်မြို့ ဖားအန်၊ ဖားကန့် သို့သွားရောက်ရောင်းချရပါသည်။ မွေးမြူရေးလည်းလုပ်ကိုင်ပြီး မွေးမြူသော တိရစ္ဆာန်များမှာ နွား၊ဆိတ်၊ သိုး၊ဝက် တို့ကို မွေးမြူကြသည်။ လက်မှုလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ လက်မှုလုပ်ငန်းများလည်းလုပ်ကိုင်ကြသည်။ လက်မှုလုပ်ငန်းများမှာ လက်သမား၊ ပန်းရံ၊ ရက်ကန်း၊ စက်ချုပ်၊ သံပန်း တို့ကို လုပ်ကိုင်ကြသည်။ လုပ်ငန်းများကို အနီးဆုံးပတ်ဝန်းကျင်ကျေးရွာများကို သွားရောက်လုပ်ကိုင်ပြီး အဝေးဆုံး ဖားအန်ထိ သွားရောက်လုပ်ကိုင်ကြသည့် ဒေသအလိုက် အခြားကျပန်းလုပ်ကိုင်ကြသူများလဲရှိသည်။

### ကျန်းမာရေး

ဟိုင်းတောကျေးရွာတွင် ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ရင် (၁)မိုင်ခန့်ကွာသော သနပ္ပင်သို့ သွားရောက် ကုသရပါသည်။ သနပ္ပင်ကျေးလက်ဆေးခန်း မှ အဆင်မပြေရင်(၅)မိုင်ခန့်ကွာသော မြိုင်မြို့သို့သွားရောက်ရပါသည်။ မြိုင်မြို့သို့ဆိုင်ကယ်ဖြင့် သွားရောက်ကုသရသည်။ မြိုင်မြို့ဆေးရုံ မှ အဆင်မပြေရင်(၂၇)မိုင်ကွာသော ပခုက္ကူမြို့ဆေးရုံသို့ ကားဖြင့် သွားရောက်ကုသရသည်။ ကျန်းမာရေးဖြစ်လျှင် သွားလာရေးတွင် ခက်ခဲပါသည်။ ကျေးရွာချင်းဆက်လမ်းများ မကောင်းသောကြောင့် ခရီးနောက်နေးပြီး အသက်အန္တရာယ်ထိခိုက်နိုင်သော အခက်အခဲရှိပါသည်။

### ပညာရေး

အခြေခံပညာ မူလတန်းအဆင့်ကို ရွာမှ(၄)ဖာလုံခန့်ဝေးသော ဇိမ္မာန်မရွာ၊ ခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ပညာသင်ယူကြပါသည်။ အလယ်တန်းနှင့် အထက်တန်းအဆင့်ကို(၅)မိုင်ခန့်ဝေးသော မြိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်သင်ယူကြပါသည်။ ထိုသို့သွားရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများနှင့် ကြုံတွေ့နေရပါသည်။ အခြေခံပညာမူလတန်းအဆင့်ကို သွားရောက်ပညာသင်ယူကြသည့် ကလေးငယ်များမှာလည်း ဝေးကွာသည့်အပြင် တောလမ်းခရီးဖြစ်သည့်အတွက် အခက်အခဲများနှင့်ကြုံတွေ့နေရပါသည်။ လမ်းခရီးမှာ လယ်ကန်သင်း၊ ကန်ပေါင်ရိုးများမှ သွားရောက်ရသည့်အတွက် မိုးရာသီတွင် ရွံ့အိုင်များ၊ ရေရိုးများကိုဖြတ်ကျော်သွားရောက်ရသည်။ အခြေခံပညာအလယ်တန်းဆင့်နှင့် အထက်တန်းဆင့်ကိုသွားရောက် ပညာသင်ယူရာတွင်လည်း (၃)မိုင်ခန့်မှာ တောလမ်းခရီးဖြစ်သည့်အတွက် လမ်းအခက်အခဲများနှင့်ကြုံတွေ့ရပါသည်။ (၂)မိုင်ခန့်မှာ ကတ္တရာလမ်းဖြစ်သည့်အတွက် သွားလာရာတွင် အဆင်ပြေပါသည်။ ထိုအခက်အခဲများကို ယနေ့ထိတိုင်ကြုံတွေ့နေရသဖြင့် ကျေးရွာတွင် အခြေခံပညာကျောင်းရှိလျှင် ထိုအခက်အခဲများကို ကျော်လွှားနိုင်ပါသည်။

Scanned by CamScanner

## လမ်းပန်းဆက်သွယ်ရေး

ဟိုင်းတောကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးမှာ ကျေးရွာမှ မြိုင်သို့သွားလျှင် ဆိုင်ကယ်(၂၀)မိနစ်ခန့်ကြာမြင့်ပြီး အောင်ဇံကုန်းရွာကို ဖြတ်ပီး မြိုင်မြို့သို့ သွားရပါသည်။ ရွာမှ အောင်ဇံကုန်းသို့ သွားလျှင် (၈)မိနစ်ကြာမြင့်သည်။ လမ်းမှာ မိုးရာသီတွင် အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ ရွာသူ၊သားများသည် မြိုင်မြို့သို့ ဈေးရောင်း၊ဝယ်ရန်၊ ပညာသင်ရန်၊ လက်သမားလုပ်ရန်၊ ပန်းရံလုပ်ငန်း၊ သံပန်း၊ သံတံခါးလုပ်ငန်း၊ စက်ချုပ်လုပ်ငန်းများ လုပ်ကိုင်ရန် သွားလာကြပါသည်။ ရွာမှ အနီးအနားပတ်ဝန်းကျင်ရှိ ညောင်ပင်ကုန်းသို့ သွားလျှင်(၅)မိနစ်နှင့် စပါးကြိတ်ရန် သွားလာကြပါသည်။ သနပ်ပွင့်ကုန်းသို့ သွားလျှင်(၁၅)မိနစ်ကြာပီး ဆုံကြိတ်ရန်နှင့် ကျန်းမာရေးဆေးပေးခန်းသို့ သွားလာကြပါသည်။ ထန်းကြီးသို့သွားလျှင်(၁၅)မိနစ်ခန့်ကြာပြီး မြိုင်သို့သွားလျှင်လည်း ဖြတ်၍ ထိုမှတဆင့် သံမြေကျင်း၊ ကျောက်အိုးမှ ဆက်၍သွားရပါသည်။ ရွာ၏တောင်ဘက်အရပ်ရှိ ဗိမ္ဘာန်မသို့သွားလျှင် မိုးရာသီ၌ လယ်ရိုး၊ ရေရိုးများ၊ ယာခင်းများကို ဖြတ်သန်းသွားရသဖြင့် လမ်းမှာ ခက်ခဲပြီး ခြေကျင်ဆိုဇ်လျှင် (၂၀)မိနစ်ခန့်သွားလာရပါသည်။ ဆိုင်ကယ်ဖြင့်သွားလျှင် (၁၀)မိနစ်ခန့်သွားရပါသည်။ ရွာမှ ပတ်ဝန်းကျင်အနီးရှိ ရွာများသို့သွားလျှင် လမ်းမှာမြေလမ်း၊ တောလမ်းများဖြစ်သည့်အတွက် အလွန်ပင်အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ အစည်းအဝေးမှတ်တမ်း

ရက်စွဲ-၃-၁၂-၂၀၁၉

အစည်းဝေးကျင်းပသည့်နေရာ -ဘုန်းတော်ကြီးကျောင်း
အစည်းအဝေးကျင်းပသည့်အချိန်-(၁၀၀၀)နာရီ
အစည်းအဝေးတက်ရောက်သည့် လူဦးရေ-ကျား-၁၅
မ-၁၁
စုစုပေါင်း-၂၆

အကြောင်းအရာ

ဟိုင်းတောကျေးရွာ နှင့် ပတ်ဝန်းကျင်ရှိ ဝန်ဆောင်မှုနှင့်အခွင့်အလမ်းများ ရရှိနိုင်သောဒေသများ၊ ဝန်ဆောင်မှုအမျိုးအစားများကို Actionaid Myanmar Volunteer လူငယ်လေးများ၏ပံ့ပိုးကူညီမှုများနှင့် ဟိုင်းတောကျေးရွာ ရာအိမ်မှူးနှင့် ရွာသူရွာသားများ ဝိုင်းဝန်းဆွေးနွေးကြပါသည်။

ဆွေးနွေးချက်

ဟိုင်းတောကျေးရွာ၏ ပညာရေးဝန်ဆောင်မှုတွင် မိမိကျေးရွာအတွင်းတွင် ရရှိမှုမရှိပဲ မူလတန်းပညာရေးတွင် ရွာနှင့်လေးဖာလုံခန့်ဝေးသော ဇီးပွာန်မရွာသို့ သွားရောက်ပညာသင်ကြားရပြီး အလယ်တန်းနှင့် အထက်တန်းပညာရေးတွင် ရွာနှင့်(၅)မိုင်ခန့်ဝေးသော မြိုင်မြို့သို့ သွားရောက်ပညာသင်ကြားရသည်။

ကျန်းမာရေးဆွေးနွေးချက်

ဟိုင်းတောကျေးရွာ၏ ကျန်းမာရေးဝန်ဆောင်မှုတွင် ဟိုင်းတောကျေးရွာမှာ ကျန်းမာရေးဆေးပေးခန်းမရှိပဲ ရွာနှင့်တစ်မိုင်ခန့်ဝေးသော သနပ္ပင်ကုန်းကျေးလက်ဆေးပေးခန်းနှင့် (၅)မိုင်ခန့်ဝေးသော မြိုင်မြို့ဆေးရုံသို့ သွားရောက်ကုသသည်ဟု သိရပြီး ထိုမှအဆင်မပြေလျှင် ပခုက္ကူ၊ မန္တလေးသို့ သွားရောက်ကုသကြသည်ဟု သိရပါသည်။ ကျေးရွာချင်းဆက်လမ်းများ အဆင်မပြေမှုကြောင်း ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ အဖိုးအဖွားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် သွားရေးလာရေးတွင် အခက်အခဲများစွာရှိသည်ဟု သိရှိရပါသည်။

စီးပွားဝန်ဆောင်မှုဆွေးနွေးချက်

စီးပွားရေးဝန်ဆောင်မှုများတွင် ဟိုင်းတောကျေးရွာထွက်ရှိသော သီးနှံများကို မြိုင်မြို့နှင့် ပခုက္ကူမြို့သို့ ကားနှင့်တင်ပို့ရောင်းချသည်ဟု သိရပြီး လက်သမား၊ ပန်းရံ၊ သံပန်း၊ လုပ်သောသူများသည် အနီးနားပတ်ဝန်းကျင်ကျေးရွာများနှင့် ဖားကန့်၊ ဖားအံဒေသများသို့ သွားရောက်လုပ်ကိုင်ကြပါသည်ဟု သိရှိရပါသည်။

မှတ်တမ်းရေးသူ
ညီထွေးအောင်

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပွင့်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
ဝန်ဆောင်မှုနှင့်အခွင့်အလမ်းပြပြပွဲ၏ အစည်းအဝေးတက်ရောက်သူများစာရင်း

ရက်စွဲ၊ ၃-၁၂-၂၀၁၉

| စဉ် | အမည် | ကျေးရွာ | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးညီမြင့် | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၂ | ဦးတင်ဝင်း | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၃ | ဦးမြင့်လွင် | ဟိုင်းတော | ရွာခွဲတာဝန်ခံ | | |
| ၄ | ဦးမာခင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၅ | ဦးတိုးနိုင် | ဟိုင်းတော | | | |
| ၆ | ဦးဇော်မျိုးအောင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၇ | ဦးအောင်လွင် | ဟိုင်းတော | | | |
| ၈ | ဦးမြင့်ဝင်း+ ဇာ | ဟိုင်းတော | | | |
| ၉ | ဦးဝေမင်း | ဟိုင်းတော | | | |
| ၁၀ | ဦးဝင်းမင်းသန့် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၁၁ | ဦးညိုမောင်း | ဟိုင်းတော | | | |
| ၁၂ | ဒေါ်အုံးကြည် | ဟိုင်းတော | | | |
| ၁၃ | ဒေါ်စန်းကြည် | ဟိုင်းတော | | | |
| ၁၄ | ဒေါ်ညွန့်ခင် | ဟိုင်းတော | | | |
| ၁၅ | ဒေါ်စန်းယုမော် | ဟိုင်းတော | | | |
| ၁၆ | ဦးတင်ရွှေ-၂ | ဟိုင်းတော | | | |
| ၁၇ | ဒေါ်အေးမြင့် | ဟိုင်းတော | | | |
| ၁၈ | ဦးအောင်ဌေး | ဟိုင်းတော | | | |
| ၁၉ | ဦးသန်းလှိုင် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်အေးမြိုင် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်ယမင်းနိုင် | ဟိုင်းတော | | | |
| ၂၂ | ဒေါ်ရီရီသန့် | ဟိုင်းတော | | | |
| ၂၃ | ဦးကျော်ကျော်မင်း | ဟိုင်းတော | | | |
| ၂၄ | ဒေါ်မြရိန် | ဟိုင်းတော | | | |
| ၂၅ | ဒေါ်ရီ | ဟိုင်းတော | | | |
| ၂၆ | ဒေါ်စိန်မြတ်ရီ | ဟိုင်းတော | | | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပင်ကုန်းကျေးရွာအုပ်စု၊ ဟိုင်းတောကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဇယား

ရက်စွဲ-၃-၁၂-၂၀၁၉

| စဉ် | အကြောင်းအရာ | ခုနှစ် | | ကောင်းကျိုး | ဆိုးကျိုး | ကျော်လွှားခဲ့ပုံ |
|---|---|---|---|---|---|---|
| | | မြန်မာ | အင်္ဂလိပ် | | | |
| ၁ | ကျောင်းတိုင်ဆရာတော်အား ဓါးပြတိုက်ခံရခြင်း | ၁၃၀၉ | | ကျေးရွာနှင့်နီးသွားခြင်း သွားရေးလာရေးလွယ်ကူခြင်း | ကျောင်းတိုင်ဆရာတော်အား အသက်အန္တရာယ်အထိ ခြိမ်းခြောက်ခံရပြီး ငွေကြေးနှင့် ပစ္စည်းများပါသွားခြင်း | ကျေးရွာနှင့် နီးသော နေရာ အား ကျောင်းပြောင်းရွှေ့လူအင်အား (၅၀၀)ခန့်ဖြင့်ယခင်ကျောင်း အား ပြောင်းရွှေ့ |
| ၂ | မုန်တိုင်းခက်ခြင်း | ၁၃၇၁ | | အသစ်တင်ဖန်ပြန်လည်ဖြစ်ခြင်း | ဘုန်းကြီးကျောင်းသွပ်မိုးပျက်စီး၊ အိမ်နှစ်လုံး အမိုးများပျက်စီးခြင်း | ဘုန်းကြီးကျောင်းသွပ်အမိုးကို အလှူရှင်ရှာပြီး ကျေးရွာမှ ဝိုင်းဝန်းပြုပြင်ပေးခဲ့သည်။ အိမ်နှစ်လုံးအား ကျေးရွာမှ လုပ်အားစိုက် အိမ်ရှင်မှ သွပ်များ ပြန်လည်ဝယ်ယူကာ ပြုပြင်ခဲ့သည်။ |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
ထူးခြားဖြစ်စဉ်ပြုစုသော အစီရင်ခံစာ

ရက်စွဲ-၃-၁၂-၂၀၁၉

ဟိုင်းတောကျေးရွာ၏ ထူးခြားဖြစ်စဉ်မှာ ၁၃၀၉-ခုနှစ်၊ ဟိုင်းတောကျေးရွာ၏ ကျောင်းတိုင်ဘုန်းကြီးအား ဓားပြတိုက်ခံရခြင်းဖြစ်ပါသည်။ ဖြစ်စဉ်တွင် ဓားပြများသည် ကျောင်းတိုင်ဘုန်းကြီးအား ထင်းပုံပေါ်တင်၍ မီးရှို့သတ်မည်ဟု အသက်အန္တရာယ်ပေးသည်အထိ ဖြစ်ပွားခဲ့ပြီး ဓားပြတစ်ယောက်မှ တားသောကြောင့် လွတ်ငြိမ်းခွင့်ရခဲ့ပြီး ကျောင်းပိုင်ငွေကြေးများယူသွားပါသည်။ ထိုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ရွာသူရွာသားများသည် ဘုန်းတော်ကြီးကျောင်းအား ရွာနှင့်နီးရာသို့ လူအင်းအား(၅၀၀)နှင့် ပြန်လည်ရွှေ့ပြောင်းခဲ့ကြပါသည်။

နောက်ထူးခြားဖြစ်စဉ်တစ်ခုမှာ (၁၃၇၁)ခုနှစ်တွင် ဟိုင်းတောကျေးရွာ၌ မုန်းတိုင်းအဖျားခတ်တိုက်ခတ်ခံခဲ့ရပြီး ဘုန်းကြီးကျောင်း သွပ်မိုးများ ပျက်စီးခဲ့ပြီး ရွာတွင်းလူနေအိမ်နှစ်လုံးအမိုးများ၊ ပျက်စီးသွားရပါသည်။ ဘုန်းတော်ကြီးကျောင်း အမိုးများကို အလှူရှင်ရာ၍ ရွာသူရွာသားများနှင့် ပြန်လည်ပြုပြင်ပေးခဲ့ပါသည်။ လူနေအိမ်အမိုးအတွက် အိမ်ရှင်များမှ သွပ်များ ပြန်လည်လဲလှယ်ဝယ်ယူကာ ရွာသူရွာသားများ လုပ်အားဖြင့် ဝိုင်းဝန်းပြုပြင်ပေးခဲ့ကြပါသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ ထူးခြားဖြစ်စဉ်ဇယား၏ အစည်းအဝေးမှတ်တမ်း

ရက်စွဲ-၃-၁၂-၂၀၁၉

စတင်ချိန် -(၁း၀၀)နာရီ
ကြာချိန် -(၃၀)မိနစ်
ပြီးဆုံးချိန် -(၁း၃၀)နာရီ
နေရာ -ဘုန်းတော်ကြီးကျောင်း

အစည်းအဝေးစတင်ချိန်တွင် AAM Volunteer မှ ဟိုင်းတောကျေးရွာတွင် ဘာတွေများထူးထူးခြားဖြစ်တာရှိလဲဟုမေးရာ ကျေးရွာလူထုက ဘုန်းကြီးကျောင်း ဓားပြတိုက်ခံရတယ်၊ ပစ္စည်းများပါသွားပြီး၊ ကျောင်းတိုင်ဆရာတော်ကိုလဲ မီးရှို့သတ်ဖို့ကြံစည်ခံရတယ်လို့ ပြောပြဆွေးနွေးခဲ့သည်။ ဘုန်းကြီးကျောင်းကိုလဲ ရွာနှင့်နီးသော ရေရာသို့ပြောင်းရွှေ့ခံရတယ်လို့ ကျေးရွာသူ/သားများက ပြောပြဆွေးနွေးပေးခဲ့သည်။ ကျောင်းကိုဘယ်လိုရွှေ့ပြောင်းခံရလဲဟုမေးရာ ကျေးရွာလူထုက တခြားကျေးရွာလူထု(၅၀၀)ခန့်က လုပ်အားဖြင့် ရွှေ့ပြောင်းခဲ့ရတယ်လို့ ပြောပြဆွေးနွေးခဲ့သည်။ နောက်ဘာတွေများထူးခြားတာ ရှိလဲဟုမေးခဲ့ရာ ကျေးရွာလူထုက ၁၃၇၁-ခုနှစ်က မုန်တိုင်းတိုက်ခတ်ခံရတယ်လို ပြန်လည်ဆွေးနွေးခဲ့သည်။ ဘာတွေဆုံးရှုံးပျက်စီးသွားလဲမေးရာ ဘုန်းကြီးကျောင်း သွပ်မိုးပျက်စီးသွားပြီး လူနေအိမ်အမိုးပျက်စီးသွားတယ်လို့ ပြန်ဖြေဆွေးနွေးခဲ့သည်။ ဘယ်လိုပြုပြင်ပေးခဲ့သလဲဟုမေးရာ ကျေးရွာကလူအင်အားဖြင့် ပါဝင်ကူညီဖြေရှင်းပေးခဲ့သည်။ တခြားဘာတွေများ ထူးခြားတာများရှိသလဲဟု မေးရာ ဘာမှမရှိဘူးလို့ ပြန်ဖြေပြီး ကျေးရွာသူ/သားများကို ရာအိမ်မှူးက ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေးကို ပြီးဆုံးခဲ့သည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ သနပ်ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ ထူးခြားဖြစ်စဉ်ပြဿနာ
အစည်းအဝေးတက်ရောက်သူလက်မှတ်


ရက်စွဲ၊ ၃-၁၂-၂၀၁၉

| စဉ် | အမည် | ကျေးရွာ | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးညီမြင့် | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၂ | ဦးတင်ဝင်း | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၃ | ဦးမြင့်လွင် | ဟိုင်းတော | ရွာအုပ်တာဝန်ခံ | | |
| ၄ | ဦးမာခင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၅ | ဦးတိုးနိုင် | ဟိုင်းတော | | | |
| ၆ | ဦးဇော်မျိုးအောင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၇ | ဦးအောင်လွင် | ဟိုင်းတော | | | |
| ၈ | ဦးမြင့်ဝင်း + ဇာ | ဟိုင်းတော | | | |
| ၉ | ဦးဝေမင်း | ဟိုင်းတော | | | |
| ၁၀ | ဦးဝင်းမင်းသန့် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၁၁ | ဦးညီမောင်း | ဟိုင်းတော | | | |
| ၁၂ | ဒေါ်အုံးကြည် | ဟိုင်းတော | | | |
| ၁၃ | ဒေါ်စန်းကြည် | ဟိုင်းတော | | | |
| ၁၄ | ဒေါ်ညွန့်ခင် | ဟိုင်းတော | | | |
| ၁၅ | ဒေါ်စန်းယုမော် | ဟိုင်းတော | | | |
| ၁၆ | ဦးတင်ဆွေ-၂ | ဟိုင်းတော | | | |
| ၁၇ | ဒေါ်အေးမြင့် | ဟိုင်းတော | | | |
| ၁၈ | ဦးအောင်ဌေး | ဟိုင်းတော | | | |
| ၁၉ | ဦးသန်းလှိုင် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်အေးမြိုင် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်ယမင်းခိုင် | ဟိုင်းတော | | | |
| ၂၂ | ဒေါ်ရီရီသန့် | ဟိုင်းတော | | | |
| ၂၃ | ဦးကျော်ကျော်မင်း | ဟိုင်းတော | | | |
| ၂၄ | ဒေါ်ဖြူရှိန် | ဟိုင်းတော | | | |
| ၂၅ | ဒေါ်ရှိ | ဟိုင်းတော | | | |
| ၂၆ | ဒေါ်စိန်မြတ်ရီ | ဟိုင်းတော | | | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ သနပ္ပင်ကုန်းအုပ်စု ၊ ပခိုင်းတောရွာ၏

ယူမှုကာကွယ်စောင့်ရှောက်မှု အခြေအနေပြဇယား ရက်စွဲ - ၅.၁၂.၂၀၁၉




ပံ့ပိုးကူညီသူ

၁။ ဦးတင်ဝင်း

၂။ ဦးတင်ဇော် (၁)

၃။ မဥမ္မာချို

၄။ မဇော်မာဝင်း

အညွှန်း

အမျိုးသား

အမျိုးသမီး

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပင်တုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သုံးသပ်ချက်

ရက်စွဲ၊ ၃-၁၂-၂၀၁၉

ဝင်ငွေရှာဖွေမှု

ဝင်ငွေရှာဖွေမှုအပိုင်းတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုရှာဖွေနိုင်ကြသည်။ အကြောင်းမှာ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းပိုမိုများပြားသောကြောင့် ဖြစ်သည်။ အမျိုးသမီးများမှာမူ အိမ်မှုကိစ္စရပ်များနှင့် မိသားစုအပေါ်တွင် နွေးထွေးစွာပြုစုစောင့်ရှောက်သည့်တာဝန်ကို အာရုံစိုက်လုပ်ဆောင်ကြရသည့်အတွက် ဝင်ငွေရှာဖွေရာတွင် (၅၀)ရာခိုင်နှုန်းသာရှာဖွေနိုင်ခြင်းဖြစ်ပြီး အမျိုးသားများက (၈၀)ရာခိုင်နှုန်းထိ ရှာဖွေနိုင်ခြင်းဖြစ်ပါသည်။

အိမ်မှုကိစ္စ

အိမ်မှုကိစ္စပိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုဆောင်ရွက်နိုင်ကြသည်။ အဘယ်ကြောင့်ဆိုသော ဝင်ငွေရှာဖွေမှုနှင့်အခြားကိစ္စရပ်များတွင် အမျိုးသားများသည် အမျိုးသမီးများထက် အားသွန်ခွန်စိုက်လုပ်ဆောင်ရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများက (၂၀)ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ပြီး အမျိုးသမီးများက (၉၀)ရာခိုင်နှုန်းထိ ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကိုင်းတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုင်ဆိုင်ရခြင်းမှာ အိမ်ထောင်စုတစ်စုတွင် ပစ္စည်းဥစ္စာများ ဝယ်ယူစုဆောင်းရာတွင် အမျိုးသားများ၏ အစည်ကိုသာ ထည့်သွင်းခြင်းကြောင့် ဖြစ်သည်။ ရတနာပစ္စည်းများကို ဝယ်ယူရာတွင်သာ အမျိုးသမီးများ၏အစည်ကို ထည့်သွင်းသောကြောင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ရာတွင် အမျိုးသမီးများက(၅၀)ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသားများက(၆၀)ရာခိုင်နှုန်း ပိုင်ဆိုင်ခြင်းဖြစ်သည်။

လုံခြုံမှု

အိမ်ထောင်တစ်စု၏ လုံခြုံမှုအပိုင်းတွင် အမျိုးသားများသည် ပိုမိုလုံခြုံမှုပေးနိုင်သည်။ အကြောင်းမှာ အမျိုးသားများသည် သွားရေးလာရေး နေထိုင်ရေးတို့တွင် အစစအရာရာကာကွယ်စောင့်ရှောက်မှု ပေးနိုင်သည်။ အမျိုးသမီးများမှာမူ အချို့သော ကိစ္စရပ်များတွင် ကာကွယ်စောင့်ရှောက်မှုမပေးနိုင်၍ (၄၀)ရာခိုင်နှုန်းသာ လုံခြုံမှုရှိပြီး အမျိုးသားများသည် (၈၀)ရာခိုင်နှုန်းထိ လုံခြုံမှုရှိသည်။

ပညာတတ်မြောက်မှု

ပညာရေးတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို၍တတ်မြောက်ကြသည်။ အကြောင်းအရင်းမှာ အမျိုးသားများသည် အရွယ်ရောက်သည့်အခါတွင် ပညာရေးကိုစွန့်၍ မြင်းပအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ရသောကြောင့် ပညာတတ်မြောက်မှုတွင် (၅၀)ရာခိုင်နှုန်းသာဖြစ်သည်။

Scanned by CamScanner

အမျိုးသမီးများမှာမူ ပြင်ပအလုပ်အကိုင်ရှားပါးသောကြောင့် ပညာရေးကိုသာ အလေးထားသင်ယူကြသဖြင့် (၇၀)ရာခိုင်နှုန်းထိ ပညာတက်မြောက်ခြင်းဖြစ်သည်။

ရပ်ရေးရွာရေးတွင် ဆုံးဖြတ်ချက်ချနိုင်မှု

အမျိုးသားများသည် ကျေးရွာကိစ္စရပ်များတွင် အမျိုးသမီးများထက်ပို၍ ဆုံးဖြတ်ချက်ချနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသမီးများထက် ပိုမိုခွန်အားစိုက်လုပ်ဆောင်နိုင်ခြင်း၊ ကိစ္စရပ်များတွင် ရဲရင့်ပြတ်သားစွာဆုံးဖြတ်နိုင်ခြင်းတို့ကြောင့် ကျေးရွာကိစ္စရပ်များတွင်(၈၀)ရာခိုင်နှုန်းထိ ဆုံးဖြတ်ချက်ချနိုင်သည်။ အမျိုးသမီးများမှာမူ လုပ်ငန်းဆောင်ရွက်ရာတွင် ပြတ်သားမှုမရှိခြင်း၊ စွမ်းဆောင်မှုအားနည်းခြင်းတို့ကြောင့် ကျေးရွာကိစ္စရပ်များတွင်(၄၀)ရာခိုင်နှုန်းသာ ဆုံးဖြတ်ချက်ချနိုင်ကြသည်။

သုံးစွဲမှု

အိမ်ထောင်တစ်စု၏ သုံးစွဲမှုအပိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုသုံးစွဲမှုများသည်။ အကြောင်းမှာ အမျိုးသမီးမျာသည် အလှအပရေးရာအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊စားသောက်ကုန်ပစ္စည်းများ၊ အိမ်မှုကိစ္စနှင့် ပတ်သက်သည့်အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူရသောကြောင့် သုံးစွဲမှုပိုင်းတွင်(၇၀)ရာခိုင်နှုန်းထိဖြစ်သည်။ အမျိုးသားများမှာမူ လူမှုရေးကိစ္စများတွင်သာ သုံးစွဲသည့်အတွက် သုံးစွဲမှုပိုင်းတွင်(၆၀)ရာခိုင်နှုန်းသာဖြစ်သည်။

ပူးပေါင်းပါဝင်မှု

အကြောင်းကိစ္စတစ်ခုတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပူးပေါင်းပါဝင်မှုအားကောင်းသည်။ အမျိုးသားများသည် လုပ်အားပိုမိုဆောင်ရွက်နိုင်ခြင်း၊ ထိရောက်ပြတ်သားစွာ ဆုံးဖြတ်ချက်ချနိုင်ခြင်းတို့ကြောင့် (၈၀)ရာခိုင်နှုန်းထိ ပူးပေါင်းပါဝင်မှု အားကောင်းသည်။ အမျိုးသမီးများမှာ လုပ်အားပိုင်းတွင် အားနည်းပြီး ထိရောက်စွာမဆုံးဖြတ်နိုင်သောကြောင့် ပူးပေါင်းပါဝင်မှုတွင် (၄၀)ရာခိုင်နှုန်းသာ ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်း

အမျိုးသားများသည် အမျိုးသမီးများထက် အလုပ်အကိုင်ရရှိရေးတွင်ပို၍ အခွင့်အလမ်းသာရသည့် အကြောင်းမှာ ပြင်ပအသက်မွေးဝမ်းကြောင်းလုပ်ငန်းများတွင် အမျိုးသားများသာ ပိုမိုအခွင့်အရေးရရှိသောကြောင့် (၇၀)ရာခိုင်နှုန်းထိဖြစ်သည်။ အမျိုးသမီးများမှာ အလုပ်အကိုင်ရရှိမည့် အခွင့်အလမ်းနည်းသောကြောင့် (၅၀)ရာခိုင်နှုန်းသာဖြစ်ည်။

ခေါင်းဆောင်မှု

ခေါင်းဆောင်မှုပိုင်းတွင် အမျိုးသားများသည် လုပ်ငန်းကိစ္စရပ်များတွင် အမျိုးသမီးများထက်ပို၍ ဦးဆောင်နိုင်မှုရှိသည်။ အမျိုးသမီးများသည် လုပ်ငန်းအတွေ့အကြုံများပြားမှု၊ ရပ်ရေးရွာရေးကိစ္စရပ်များနှင့်ပူးပေါင်းပါဝင်မှုအပိုင်းတွင် ပိုမိုဆောင်ရွက်နိုင်ခြင်း၊ ကိစ္စရပ်များကို ထိရောက်စွာဆုံးဖြတ်နိုင်မှုကြောင့် ခေါင်းဆောင်မှုတွင် (၈၀)ရာခိုင်နှုန်းထိဖြစ်သည်။ အမျိုးသမီးများသည် လုပ်ငန်းအတွေ့အကြုံနည်းပါးခြင်း၊ ရပ်ရွာကိစ္စရပ်များတွင် ထိရောက်စွာဆုံးဖြတ်ချက်မချနိုင်သောကြောင့် ခေါင်းဆောင်မှုပိုင်းတွင် (၄၀)ရာခိုင်နှုန်းသာရှိသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
လူမှုကာကွယ်စောင့်ရှောက်မှု အခြေအနေပြမြေပုံ အစည်းအဝေးတက်ရောက်သူစာရင်း


ရက်စွဲ၊ ၃-၁၂-၂၀၁၉

| စဉ် | အမည် | ကျေးရွာ | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးညိုမြင့် | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၂ | ဦးတင်ဝင်း | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၃ | ဦးမြင့်လွင် | ဟိုင်းတော | ရွာခွဲတာဝန်ခံ | | |
| ၄ | ဦးမာခင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၅ | ဦးတင်ထွေး | ဟိုင်းတော | | | |
| ၆ | ဦးဇော်မျိုးအောင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၇ | ဦးဂင်းမင်းသန့် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၈ | ဦးအောင်ငွေ | ဟိုင်းတော | | | |
| ၉ | ဒေါ်အုံးကြည် | ဟိုင်းတော | | | |
| ၁၀ | ဒေါ်ချို | ဟိုင်းတော | | | |
| ၁၁ | ဒေါ်ညွန့်ခင် | ဟိုင်းတော | | | |
| ၁၂ | ဒေါ်ရှင် | ဟိုင်းတော | | | |
| ၁၃ | ဒေါ်ဖြူ | ဟိုင်းတော | | | |
| ၁၄ | ဒေါ်ယမင်းခိုင် | ဟိုင်းတော | | | |
| ၁၅ | ဒေါ်မြင့်ရွှေ | ဟိုင်းတော | | | |
| ၁၆ | ဒေါ်စန်းဦး | ဟိုင်းတော | | | |
| ၁၇ | ဒေါ်အေးသန္တာ | ဟိုင်းတော | | | |
| ၁၈ | ဒေါ်တင်မာဦး | ဟိုင်းတော | | | |
| ၁၉ | ဒေါ်လှကြည် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်ခင်စုဝေ | ဟိုင်းတော | | | |
| ၂၁ | ဒေါ်အေးမြိုင် | ဟိုင်းတော | | | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ သန်ပွင့်ကုန်းကျေးရွာအုပ်စု၊ ဟင်းတောကျေးရွာမှ
ဟင်းတော → ဒေါက်ခဲကုန်း ကျေးရွာချိတ်ဆက်လမ်းမကောင်းသော
ပြဿနာသစ်ပင်

ရက်စွဲ - ၉ - ၁၂ - ၂၀၁၉



မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ ဘုံ ပွဲစားရုံ ကျေးရွာ အုပ်စု၊ ကိုင်းတော ကျေးရွာ
ရွာရှင်း ဆက်လက်လမ်း ပြသအရာ စေရွှင်းမှု ဆောက်ကွင်း

date- 3.12.2019



မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် သနပ်ပင်ကုန်းအုပ်စု ဟိုင်းတောကျေးရွာ၏
ကျေးရွာချင်းဆက်လမ်းပြဿနာဖြေရှင်းမှု စက်တွင်း အစီရင်ခံစာ

ရက်စွဲ၊ ၃-၁၂-၂၀၁၉

ဟိုင်းတောကျေးရွာလူရွာသားများသည် ပညာရေး ကျန်းမာရေး စီးပွားရေးတကွ များစွာသွားလာ သုံးပြုနေသော ညောင်ပင်ကုန်း-ဟိုင်းတောရွာချင်းဆက်လမ်းနှင့် ဟိုင်းတော-အောင်ဝံကုန်းရွာချင်း ဆက် လမ်းအား ပြုလုပ်နိုင်ရန်အတွက် လမ်းကော်မတီဖွဲ့စည်းခြင်း လွှတ်တော်အမတ်နှင့် တွေ့ဆုံရန်တင်ပြခြင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်တင်ပြခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန နှင့် မြို့ နယ်စည်ပင်သာယာရေးဦးစီးဌာနသို့ ချိတ်ဆက်၍ ရံပုံငွေရရှိရန် တင်ပြတောင်းခံ၍ ဌာနဆိုင်ရာများနှင့် ကျေးရွာလူထုလုပ်အားများ ပူးပေါင်းကာ ပြုပြင်ထိန်းသိမ်းသွားကြမည် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပွင့်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ ဟိုင်းတော-အောင်ဇံကုန်းကျေးရွာချင်းဆက်လမ်းမကောင်းသော ပြဿနာသစ်ပင် အစီရင်ခံစာ

ရက်စွဲ၊ ၃-၁၂-၂၀၁၉

ဟိုင်းတောကျေးရွာနှင့် အောင်ဇံကုန်းကျေးရွာချင်းဆက်လမ်းသည် အရှည်အားဖြင့် (၅)ဖာလုံခန့်ကွာဝေးသည်။ ဟိုင်းတောကျေးရွာသူ/သားများနှင့် ညောင်ပင်ကုန်းကျေးရွာသူ/သားများသည် အောင်ဇံကုန်းရွာမှ တစ်ဆင့် မြိုင်မြို့သို့သွားရောက်၍ ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်စီးဆင်းရေဝန်ဆောင်မှုများရရှိရန်အတွက် နေ့စဉ်မပြတ်ကူးသန်းသွားလာကြပါသည်။ ညောင်ပင်ကုန်းကျေးရွာ နှင့် ဟိုင်းတောကျေးရွာကြား နှင့် ဟိုင်းတော နှင့် အောင်ဇံကုန်းကျေးရွာကြားရှိ လမ်းပိုင်းများသွားလာရန် အဆင်မပြေသည်အထိ ပျက်စီးနေပါသည်။

ဟိုင်းတောကျေးရွာရှိ အလယ်တန်း၊ အထက်တန်း၊ ကျောင်းသူ၊ ကျောင်းသားများသည် နေ့စဉ် ဟိုင်းတော၊ အောင်ဇံကုန်း မှ မြိုင်သို့သွားရောက်၍ ပညာသင်ကြားလျှက်ရှိပြီး ဆောင်းရာသီနှင့် နွေရာသီတွင် သွားလာရေးမဆိုးသော်လည်း မိုးရာသီတွင် ဟိုင်းတော-အောင်ဇံကုန်းလမ်းပိုင်းတွင် ရေရှိုးများရှိသောကြောင့် ကျောင်းသားကျောင်းသူများ သွားလာရေးအတွက် များစွာအခက်အခဲဒုက္ခကြုံတွေ့ခံစားကြရပြီး သွားမရ၍ ကျောင်းပျက်သည်အထိ ဖြစ်ခဲ့ကြရပါသည်။ လမ်းမကောင်းသောကြောင့် ကျန်းမာရေးကဏ္ဍ မှ ပြန်ကြည့်မည်ဆိုလျှင် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ နှင့် ဘိုးဘွားများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် သွားလာရေးအခက်အခဲအတွက် အထူးသဖြင့် မိုးရာသီ၌ များစွာ အခက်အခဲများနှင့်တွေ့ကြုံခံစားနေကြရပြီး ၎င်းလမ်းပိုင်းအား ပြုပြင်ရန် အထူးလိုအပ်လျှက်ရှိပါသည်။

စီးပွားရေးကဏ္ဍမှ ပြန်ကြည့်မည်ဆိုလျှင် ဒေသထွက်စိုက်ပျိုးသီးနှံများရောင်းဝယ်ရေး၌ ၎င်းမြိုင်မြို့နှင့် အခြားကျေးရွာဒေသများသို့ အလုပ်အကိုင်အခွင့်အလမ်းအတွက် သွားရောက်လုပ်ကိုင်နေကြသောသူများအတွက် အခက်အခဲမရှိ ရာသီမရွေးအချိန်အခါမရွေး သွားလာနိုင်ရန် လိုအပ်ပြီး ညောင်ပင်ကုန်း၊ ဟိုင်းတောရွာချင်းဆက်လမ်းနှင့် ဟိုင်းတော၊ အောင်ဇံကုန်း ရွာချင်းဆက်လမ်း မကောင်းသောကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ၌ အခက်အခဲဒုက္ခများ တွေ့ကြုံခံစားနေကြရပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ... ကျေးရွာ
သောက်သုံးရေ အခက်အခဲ ပြဿနာ သစ်ပင်

ရက်စွဲ-၃-၁၀-၂၀၁၉



မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပွင်ကုန်းအုပ်စု၊ ပိုင်းတောကျေးရွာ၏
သောက်သုံးရေရရှိရန် အခက်အခဲပြဿသသစ်ပင် အစီရင်ခံ

ရက်စွဲ၊ ၉-၀၂-၂၀၁၉

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပွင်ကုန်းအုပ်စု၊ ပိုင်းတောကျေးရွာသည် သောက်သုံးရေ
တွက် အလွန်အခက်အခဲကြုံနေသော ရွာလေးတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် ယခုလက်ရှိတွင် ရှိ
သာရေမှာ ရေငံတွေဖြစ်ပြီး ထုံးခတ်လွန်ကဲနေသောကြောင့် သောက်သုံးရန် အဆင်မပြေဖြစ်နေပါသည်။
ရွာတဲ့အခါ မိုးရေတွေကို သိုလှောင်ထားပြီး မိုးရေကို သောက်သုံးကြရပါသည်။ ပိုင်းတောရွာသူရွာသား
ားသည် မိုးရေကနစ်ပတ်လည်သောက်သုံးရန်အတွက် မလုံလောက်သူဖြစ်နေရပါသည်။ မိုးရေမလုံ
လောက်တဲ့အခါ ထုံးခတ်ပါသော ယခုလက်ရှိရေငံကိုသာ သောက်သုံးရပါသည်။ ရေငံဖြစ်ပြီး ထုံးခတ်ပါ
င်သောကြောင့် အိမ်စားသုံးရန် အသီးအရွက်အပင်များ စိုက်ပျိုးရာတွင်လဲ ဖြစ်ထွန်းမှုမရှိတာတွေ
ကြုံတွေ့ရပါသည်။ သောက်သုံးရေအဆင်မပြေခြင်းကြောင့် သက်ကြီးရွယ်အိုကလေးသူငယ်များ ဝမ်း
ရောဂါ နှင့် ဆီးဝကျောက်တည်ခြင်းများဖြစ်ပွားကြရပါသည်။ လှောင်ရေကန်သုံးရသည့်အတွက်ကြောင့်
ချင်းမှာဖြစ်သော ရောဂါဖြစ်ပွားမှုများလည်း ကြုံတွေ့ကြရပါသည်။

ပိုင်းတောကျေးရွာသူ/သားများအတွက် သောက်သုံးရေရရှိနိုင်တဲ့ အစီစဉ်တွင်း တူးနိုင်မှသာ မိုးရေ
ကိုအားမကိုးရ၊ ရေငံကိုမသောက်သုံးရဘဲ ရေချိုကိုသာ စိတ်အေးချမ်းသာစွာ သောက်သုံးနိုင်မည်ဖြစ်ပါ
သည်။ ရေအဆင့်မှီသော ရေချိုရရှိမှသာ အိမ်စာသုံးရန်တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်များစိုက်ပျိုးရာ
တွင် ဖြစ်ထွန်းလာပြီး မီးဖိုချောင်မှာပါ အသုံးစရိတ်ချွေတာလာနိုင်မှာ ဖြစ်ပါသည်။ သောက်သုံးရေရရှိလာ
တဲ့အခါ အသက်ကြီးရွယ်အို၊ ကလေးသူငယ်များနှင့် ကျေးရွာသူရွာသူများအားလုံး ရေမကောင်းခြင်း
ကြောင့် ဖြစ်သော ဝမ်းရောဂါ၊ ဆီးကျောက်တည်ခြင်း နှင့် လှောင်ရေသောက်သုံးရခြင်းကြောင့် ချင်းမှာဖြစ်
သောရောဂါဖြစ်ခြင်းများမှ ကင်းဝေးလာကာ ပိုင်းတောကျေးရွာသူ၊သားများ စိတ်ကျေနပ်ပျော်ရွှင်ကြရမည်
မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် သောက်သုံးရေရရှိနိုင်ရန် အဝီစိတွင်းတူးပေးရန်လည်း မျှော်လင့်မိပါ
သည်။ ကျေးရွာမှလည်း ဝိုင်းဝန်းကူညီပေးကြပါမည်။ သောက်သုံးရေအဆင့်ပြေရန် အဝီစိတွင်း တူးပေး
သင့်ပါသည်။ ကျေးရွာမှ အင်အားမတက်နိုင်သောကြောင့် သက်ဆိုင်ရာဌာဆိုင်ရာများနှင့် INGO, NGO
အဖွဲ့အစည်းများ ကူညီပေးပါရန် တောင်းခံလိုက်ရပါသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ သောက်သုံးရေရရှိနိုင်ရန် ပြဿနာဖြေရှင်းမှု စက်ကွင်းအစီရင်ခံစာ

ရက်စွဲ၊ ၃-၁၂-၂၀၁၉

မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာသည် သောက်သုံးရေရရှိနိုင်ရန် အလွန်အခက်အခဲဖြစ်နေပါသည်။ ဟိုင်းတောကျေးရွာသူ၊သားများသည် ယခုလက်ရှိသောက်သုံးရေအဆင်မပြေသည့်အတွက် မိုးရေလှောင်ရေကိုသာ သောက်သုံးရပါသည်။ မိုးရေမလုံလောက်သည့်အခါ ထုံးဓာတ်ပါသောရေငံကိုသာ သောက်သုံးရပါသည်။ ထုံးဓာတ်ပါသော ရေငံနှင့်မိုးရေလှောင်ရေကိုသာ သောက်သုံးရသောကြောင့် ဝမ်းပျက်ရောဂါ၊ ဆီးကျောက်တည်ခြင်း၊ ချင်းမှာ ဖြစ်သောရောဂါများ ဖြစ်ပွားကြရပါသည်။ ကျန်းမာရေးအလွန်ထိခိုက်ရပါသည်။ ယခုအချိန်မှာ ပြေလည်အောင် ဌာနဆိုင်ရာအဖွဲ့အစည်းများဖြစ်သော စည်ပင်သာယာရေးအဖွဲ့ကို တင်ပြတောင်းခံမည်။ အလှူရှင်များထဲတွင်လည်း တောင်းခံမည်။ ကျေးလက်စီမံကိန်းအဖွဲ့ကိုလည်း တင်ပြတောင်းခံမည်။ လွှတ်တော်တွင်လည်းကောင်း တောင်းခံမည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံတွင်လည်း ချိတ်ဆက်၍ တောင်းခံလို့ရမည့်အဖွဲ့များအားလုံးကို တောင်းဆိုသွားမည် ဖြစ်ပါသည်။ သို့မှသာ ဟိုင်းတောကျေးရွာ၏ သောက်သုံးရေရရှိနိုင်ရေး နှင့် ပတ်သက်သော ကျန်းမာရေး၊ ပညာရေး၊ ရေငံသောက်သုံးရခြင်း၊ လှောင်ရေသောက်သုံးရခြင်းမှ ကင်းလွတ်မည်ဖြစ်ပါသည်။


## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာသင်တန်းရရှိနိုင်ရန် အစီရင်ခံစာ

မြိုင်မြို့နယ်၊ ဟိုင်းတောကျေးရွာသည် အလုပ်အကိုင်အခွင့်အလမ်းရှားပါးနေသော ရွာလေးဖြစ်ပါသည်။ ကျေးရွာရှိ အမျိုးသမီးငယ်၊ အမျိုးသားငယ် လူငယ်ပိုင်းလေးတွေ့သည် ကိုယ်ဒေသမှာတင် အလုပ်အကိုင်မရှိ အဆင်မပြေသောကြောင့် ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြရပါသည်။ ယခုအချိန် လူကုန်ကူးမှုတွေများနေတော့ အမျိုးသမီးငယ်တွေ့ဖြစ်တဲ့အတွက်ကြောင့် ရပ်ရွာနဲ့ဝေးသောဒေသသို့ သွားရောက်အလုပ်လုပ်ကိုင်နေခြင်းမှာ မိဘတွေအနေနဲ့ ဝမ်းစာရေးအတွက်ကြောင့်မို့သာ စိတ်ထဲမှာတော့ သားသမီးတွေအတွက် နေ့စဉ်စိုးရိမ်စိတ်တွေနဲ့ နေထိုင်နေကြရပါသည်။ သို့ကြောင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အိမ်တွင်းမှုအတတ်ပညာတွေဖြစ်တဲ့ ဆပ်ပြာသင်တန်း၊ ဇာထိုးပန်းထိုး၊ အထည်ချုပ်၊ မုန့်လုပ်နည်းသင်တန်း စသော သင်တန်းများရရှိပါက တစ်ပိုင်တစ်နိုင်အိမ်ဆိုင်လေးတွေကနေ အပြင်သို့တင်ပို့နင်သော အခြေအနေထိရောက်သွားပြီး တခြားဒေသရှိသူအများ အလုပ်လုပ်ကိုင်စရာမလိုပဲ ကိုယ်ပိုင်စီးပွားရေးနဲ့ ကိုယ့်ဒေသမှာပဲ မိသားစုဥမကွဲသိုက်မပျက် နေထိုင်နိုင်မှာ ဖြစ်ပါသည်။ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ သင်တန်းများချပေးလျှင် ကျေးရွာအနေနဲ့လည်း သင်တန်းသား၊

Scanned by CamScanner


မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် သာယာကုန်း ကျေးရွာအုပ်စု ပုတီးကောက်ကျေးရွာ၏
သောက်သုံးရေအခက်အခဲပြဿနာဖြေရှင်းမှုစက်ကွင်း၊

Date-3.12.2019



မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ သန့်ပွင့်ကျွန်းအုပ်စု ၊ ပင်းစောကျေးရွာမှ
မုပလတုန်းအာစင်ကျောင်းမရှိသော ပြဿနာသစ်ပင်

ရက်စွဲ - ၈ - ၃ - ၂၀၁၉



မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ
ကျေးရွာစာကြည့်တိုက်ရရှိနိုင်ရန် အစီရင်ခံစာ

ရက်စွဲ-၃-၁၂-၂၀၁၉

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဟိုင်းတောကျေးရွာသည် စာကြည့်ဆိုင်မရှိသောကြောင့် ကလေးသူငယ်များအတွက် အသိပညာများမရရှိနိုင်ပါ။ စာကြည့်တိုက်မရှိသဖြင့် ပြင်ပအသိပညာများ စာအုပ်မှတစ်ဆင့် အသိပညာများရရှိနိုင်ခြင်းမရှိသေးပါ။ အသိပညာများမရှိတဲ့အတွက် တခြားသူတွေရဲ့ လိမ်လည်ခံရခြင်း၊ တခြားသူပြောစကားကို မစဉ်းစားမချင့်ချိန်နိုင်ပဲ အယုံလွယ်လက်ခံလွယ်ခြင်း လူအများ နှင့်ပတ်သက်လျှင် ကိစ္စတစ်ခုကို ဦးဆောင်မဖြေရှင်းတတ်တာတွေဖြစ်လာနိုင်ပါသည်။ ကျေးရွာမှာ စာပေဟောပြောပွဲများလဲရှိမနေခြင်းကြောင့် အသိပညာဗဟုသုတတွေ နည်းရပါသည်။ စာကြည့်တိုက်မရှိခြင်းကြောင့် ကလေးသူငယ်များ လောင်းကစားဘက်သို့ လိုက်စားခြင်း၊ ဥပမာ ဖဲရိုက်၊ ကြက်တိုက်၊ လက်တောက်တုံ့တွေမှာပဲ အချိန်တွေကုန်လာနိုင်ပါသည်။ နောက်ဆုံးအရက်ဆိုင်တွေကစရောက်ပြီး ငယ်ငယ်ရှုပ်ယှက်နဲ့ပျက်စီးတာတွေဖြစ်လာနိုင်ပါသည်။ သို့ကြောင့် ဟိုင်းတောကျေးရွာတွင် စာကြည့်တိုင်ရှိခဲ့လျှင် ကလေးသူငယ်များပြင်ပမှာ အချိန်မကုန်တော့ပဲ စာကြည့်တိုက်မှာ စာအုပ်တွေဖတ် အသိပညာတွေတိုးများလာမည်ဖြစ်ပါသည်။ ဥပမာ-ပြင်ပ အလောင်းအစား၊ ကြက်တိုက်၊ဖဲရိုက်တွေမှာ အချိန်မဖြုန်းတော့ဘဲ စာဖတ်ခြင်းအားဖြင့် လူအများနဲ့စကားပြောရာတွင်လည်း လိမ္မာယဉ်ကျေးစွာ ပြောဆိုတတ်လာမယ်။ ကိုယ့်ထက်အကြီးအကဲ၊ အရွယ်တူလက်အောက်ငယ်သားတွေအပေါ်မှာ ရိုသေလေးစား၊ ငဲ့ညှာတတ်လာမည်ဖြစ်ပါသည်။ စာကြည့်တိုက်ရှိခြင်းအားဖြင့် ကျေးရွာရှိလူငယ်လေးများ တခြားသူရဲ့အလိမ်အညာမခံရခြင်း တခြားသူပြောစကားကို အလွယ်တကူမယုံကြည် မဆုံးဖြတ်၊ လက်မခံလာနိုင်ပဲ ကိုယ်တိုင်စဉ်းစား ချင့်ချိန်တတ်လာမည်ဖြစ်ပါသည်။ ဟိုင်းတောကျေးရွာရှိ ကလေးသူငယ်များအတွက် စာပေဟောပြောတွေများ ရရှိရန်လိုအပ်ပါသည်။ ဟိုင်းတောကျေးရွာအတွက် စာကြည့်တိုက် ရရှိရန်လိုအပ်ပါသည်။ ဟိုင်းတောကျေးရွာရှိကလေးသူငယ်များနှင့် ကျေးရွာလူထုအားလုံး စိတ်ကျေနပ်ပျော်ရွှင်လာကြမှာ ရရှိအောင်ဆောင်ရွက်ပေးလိမ့်မည်လို့ မျှော်လင့်မိပါသည်။ ထို့ကြောင့် Actionaid,INGO, NGO အဖွဲ့အစည်းများထံသို့ စာကြည့်တိုက်ရရှိရန်အတွက် တင်ပြတောင်းခံလိုက်ရပါသည်။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ သနပ်ပင်ကုန်းကျေးရွာအုပ်စု၊ ဟိုင်းတောကျေးရွာ၏
မူလတန်းအဆင့် စာသင်ကျောင်း မရှိသော ပြဿနာသစ်ပင်

ရက်စွဲ-၃-၁၂-၂၀၁၉


ဟိုင်းတောကျေးရွာသည် ပညာရေးဝန်ဆောင်မှု၌ မူလတန်းအဆင့်ပညာရေး၌ပင် စာသင်ကျောင်းမရှိသော ကျေးရွာဖြစ်ပြီး မူလတန်းပညာရေးတွင် ဇီးမွှာန်မကျေးရွာသို့ သွားရောက်ပညာသင်ကြားရပြီး အလယ်တန်းနှင့်အထက်တန်းအဆင့်ပညာရေးအတွက် မြိုင်မြို့သို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ဟိုင်းတောကျေးရွာ၏ မူလတန်း၊ အဆင့်ပညာသင်ယူနေသော ကျောင်းသူ/သားကလေးငယ်များသည် နေ့စဉ်(၃)ဖာလုံခန့်ဝေးသော ဇီးမွှာန်မကျေးရွာသို့ ခြေလျင်ရောက်၍ ပညာသင်ကြားရသည့်အတွက် ပင်ပန်းဆင်းရဲမှုဒဏ်ကို ခံစားနေရသည့်အပြင် ယာခင်းလယ်ခင်းများဖြတ်သန်းသွားရသော လမ်းဖြစ်သည့်အတွက် မြွေပွေး၊ ပိုးမွှားအန္တရာယ်ကျရောက်နိုင်သော အခြေအနေတွင်ရှိပြီး မိုးရာသီ၌လည်း မိုးများသည့်နှစ်များတွင် ရိုးရေများကျသည့်အတွက် သွားရေးလာရေးတွင် အခက်အခဲများစွာကြုံတွေ့ခံစားကြရပါသည်။ မိဘများသည် သားသမီးများပညာသင်ကြားနေမှုတွင် စိတ်ချမှုမရှိပဲ သားသမီးအိမ်ရောက်မှ စိတ်အေးရသော စိတ်ခံစားမှုများကို နေ့စဉ်ခံစားနေကြရပြီး တစ်ချို့မိဘများသည် စိတ်မချနိုင်သောကြောင့် ကိုယ်တိုင်ကလေးများ ကျောင်းသွားကျောင်းပြန် အကြိုအပို့လုပ်ဆောင်ပေးနေရပြီး မိသားစုစားဝတ်နေရေးအတွက် လုပ်ရသော အလုပ်အကိုင်များ၌ အချိန်နှောင့်နှေးမှုများ ကြုံတွေ့ခံစားနေကြရပါသည်။ ဟိုင်းတောကျေးရွာ ကျောင်းသားသူကလေးများ ပညာသင်ကြားနေမှုတွင် လုံခြုံစိတ်ချမှုအပြည့်အဝမပေးနိုင်သော အခြေအနေများကြုံတွေ့နေကြပြီး ကလေးများအတွက် ရပိုင်ခွင့်ရှိသော အခြေအနေခံအခွင့်အရေးများ ဆုံးရှုံးလျက်ရှိပါသည်။

ထို့ကြောင့် ဟိုင်းတောကျေးရွာ ကျောင်းသားကျောင်းသူများအတွက် အခြေခံမူလတန်းအဆင့်စာသင်ကျောင်းရရှိရန်လိုအပ်လျက် ရှိပါသည်။ အခြေခံပညာမူလတန်းအဆင့် စာသင်ကျောင်းရရှိမည်ဆိုပါလျှင် ဟိုင်းတောကျေးရွာ ကျောင်းသားသူများ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ကောင်းမွန်စွာ ပညာသင်ကြားနိုင်မည့်အပြင် မိဘများလည်း ကင်းဝေးနိုင်မည်ဖြစ်ပြီး ကျောင်းသားသူများ ဆင်းရဲပင်ပန်းမှုဒဏ်မခံစားရပဲ မိမိကျေးရွာ၌ပင် ပျော်ရွှင်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်မည်ဖြစ်ပါသည်။


Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ်၊ သနပ်ပင်ကုန်းကျေးရွာ အုပ်စု- ဗိုင်းတောကျေးရွာ
မူလတန်း အခြေခံ ပညာသင်ကျောင်းပြဿနာဖြေရှင်းမှု စက်ကွင်း

Date - 3.12 - 2019



ကြုံတွေ့ရသော ပြဿနာသစ်ပင်



## မကွေးတိုင်းဒေသကြီး၊မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းကျေးရွာအုပ်စု၊ ဟိုင်းတောကျေးရွာ၏ ကျေးလက်ဆေးပေး ခန်း ရရှိနိုင်ရန် ပြဿနာသစ်ပင် အစီရင်ခံစာ

ရက်စွဲ-၃-၁၂-၂၀၁၉

ဟိုင်းတောကျေးရွာသည် အိမ်ခြေ(၃၈)အိမ်ရှိ၍ အိမ်ထောင်စုပေါင်း(၃၈)စုရှိပြီး လူဦးရေ(၁၆၇)ဦး ရှိပါသည်။ ဟိုင်းတောကျေးရွာရှိ ရွာသူ/သားများ၏ ကျန်းမာရေးဆေးပေးခန်းမရှိဘဲ ကျန်းမာရေးဝန်ဆောင် မှု အားနည်းပါသည်။ ဟိုင်းတောကျေးရွာရှိ ရွာသူ/သားများ၏ ကျန်းမာရေးစောင့်ရှောက်မှု့တွင် အခက် အခဲဖြစ်နေကြသည်ကို တွေ့ရှိရပြီး ထိုသို့ဖြစ်နေရခြင်းမှာ အနီးကပ်ကျန်းမာရေးဝန်ဆောင်မှု့တစ်ခုဖြစ် သော ကျန်းမာရေးဆေးပေးခန်းမရှိခြင်းပြဿနာ အရင်းအမြစ်ကိုတွေ့ရှိ၍ ထိုပြဿနာဖြစ်ရခြင်းအကြောင်း အရင်းမှာ ဆေးပေးခန်းဆောက်ရန်နေရာရှိသော်လည်း ဆေးပေးခန်းအဆောက်အဦးအတွက် ကျေးရွာမှ ငွေကြေးအင်အား မတတ်နိုင်ခြင်း ဆရာ/ဆရာမနှင့် ဆေးဝါးပစ္စည်းလိုအပ်မှုရှိခြင်း၊ ကျေးရွာသူ/သားများ အနေဖြင့် နိုင်ငံတော်အစိုးရ(သို့)အခြားအလှူရှင်အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်မှု့မရှိခြင်း၊ ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နည်းလမ်းမသိရှိခြင်း ကျေးရွာသူ/သာများအနေဖြင့် ပြင်ပဗဟုသုတနှင့် အသိ ဉာဏ်ပညာနည်းပါးခြင်း၊ မြို့နှင့်(၅)မိုင်ခန့်ဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိခြင်း၊ ကျေးရွာမှ ဆေးပေးခန်းရရှိရန်အတွက် ထိရောက်သော ဆောင်ရွက်မှု့မရှိခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများမရှိဘဲ ကျန်းမာရေးအတွက် (သတိမမူဂရုမမြင်)မိသော အခြေခံအကြောင်းအရင်းများကို တွေ့ရှိရပါသည်။

ကျန်းမာရေးဆေးပေးခန်းမရှိသော ပြဿနာတစ်ခုသည် ဟိုင်းတောကျေးရွာသူ/သားများအတွက် ကျန်းမာရေးအတွက်တွင်မကဘဲ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သော ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကဏ္ဍများတွင် များစွာထိခိုက်မှုရှိနေသည်ကို တွေ့ရှိရပြီး ကျန်းမာရေးအတွက် အဓိကအခက်အခဲဖြစ်သော သူများမှာ တစ်နေ့တစ်နေ့စားဆင်းရဲသော မိသားစုအိမ်ထောင်စုများ၊ မွေးကင်းစမှ(၅)နှစ်အတွင်း ကလေး သူငယ်များ၊ သက်ကြီးဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများဖြစ်ကြပြီး ကျေးရွာရှိ(၁၆၇)ဦးရှိ သော ရွာသူ/ရွာသားများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုတွင် များစွာအခက်အခဲဖြစ်နေကြသည်ကို တွေ့ရှိရပါသည်။

### ဆင်းရဲသားမိသားစုများ၏ ကျန်းမာရေးအခက်အခဲ

ဟိုင်းတောကျေးရွာလက်လုပ်လက်စား ကျပန်းလုပ်ငန်းများလုပ်ကိုင်၍ အသက်မွေးဝမ်းကြောင်းပြု ရသော မိသားစု(၁၅)စုရှိ၍ ထိုမိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှု့တွင် ခွန်အားဖြင့် ရင်းနှီး၍ လုပ်ကိုင်စားသောက်နေရသော အခြေခံလူတန်းစားများဖြစ်သောကြောင့် ကျန်းမာရေးတစ်ခုခုဖြစ်လျှင် ကုသစရာငွေကြေး၊ မရှိသည့်ကတစ်ကြောင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာအားနည်းသည်ကတစ် ကြောင်း နားလည်တတ်ကျွမ်းသော ဆေးဆရာ/မ(သို့မဟုတ်) ဆေးရုံဆေးခန်းများကို သွားရောက်မကုသ

Scanned by CamScanner

ကြသဲ ကျေးရွာတွင်းရှိ အပ်ကိုင်ဆေးဆရာ နင့် ကုသ၍ ရင်းဆေးမိုးတိုများနင့် ကုသကြသည်ကများပါသည်။

ပျောက်ကင်းသည်ရှိ၍ ရောဂါမပျောက်ဘဲပိုဆိုးကာ ရောဂါပြင်းထန်စွာဖြစ်မှ သွားရောက်ကုသကြရသောအခါပို၍ ငွေကုန်ကြေးကျများကာ နဂိုမှတစ်နေ့ဝင်ငွေ၊ တစ်နေ့အသက်မွေးဝမ်းကြောင်းပြုရသောမိသားစုများအနေဖြင့် ဆေးကုသစရာ အပိုငွေကြေးမရှိဘဲ ရပ်ရွာရှိငွေကြေးပြေလည်သူများထံမှ (၁၀၀)လျှင်(၆)ကျပ်အတိုးနှုန်းဖြင့် ချေးယူ၍ သွားရောက်ကုသရပါသည်။

မွေးကင်းစမှ(၅)နှစ်အတွင်း ကလေးသူငယ်များ၏ ကျန်းမာရေးအခက်အခဲ

ဟိုင်းတောကျေးရွာ မွေးကင်းစမှ(၅)နှစ်အတွင်း ကလေးသူငယ်ဦးရေ(    )ဦးရှိ၍ ထိုကလေးသူငယ်များ ကျန်းမာရေး တစ်စုံတစ်ခုဖြစ်လာတိုင်း အနီးကပ်ကျန်းမာရေးဝန်ဆောင်မှုမရှိဘဲ မြိုင်မြို့သို့သွားရောက်ကုသကြရမှုနှင့်ပြီး နီးစပ်ရာဆေးပေးခန်းနှင့်ဆေးဆရာ/ဆရာမများသည် ကလေးသူငယ်နှင့်ပတ်သက်သောရောဂါဝေဒနာများကိုမှ ပိုင်နိုင်ကျွမ်းကျင်စွာကုသနိုင်မှု့မပြုနိုင်ဘဲ ငွေကြေးကုန်ကျမှု့များရှိ၍ ကုသနေရသည်မှာ များစွာအဆင်မပြေဖြစ်ကြရပြီး ဟိုင်းတောကျေးရွာနှင့် မြိုင်မြို့အကွာအဝေးမှ(၅)မိုင်ခန့်ဝေပြီးဆိုင်ကယ်များနှင့် ပိုဆောင်၍ ကုသကြရပြီး သွားရောက်ရသော လမ်းအနေအထားမှာလည်း မြေသားလမ်းဖြစ်၍ ဆင်းရဲသောမိဘများအနေဖြင့် ငွေကြေးမရှိသည့်က တစ်ကြောင်း ကျန်းမာရေးဆိုင်ရာဗဟုသုတအားနည်းသည်ကတစ်ကြောင်း၊ မိမိတို့၏ကလေးသူငယ်များ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်လာလျှင်ဆေးမိုးတိုများဖြင့် ကုသကြ၍ ကလေးသူငယ်များကျန်းမာရေးတွင် များစွာအခြေအနေဆိုးရွာသော အခြေအနေများနှင့် ကြုံတွေ့ရပြီး ဆေးကုသမှု့နောက်ကျ၍ သေဆုံးရသော အခြေအနေများပင် ကြုံတွေ့နေရပါသည်။

သက်ကြီးဘိုးဘွားများ၏ ကျန်းမာရေးအခက်အခဲပြဿနာ

ဟိုင်းတောကျေးရွာတွင်(၇၀-၈၀)ကျော် အသက်ကြီးဘိုးဘွား(၁၂)ဦးရှိ၍ ထိုဘိုးဘွားများအတွက်အခြေခံကျန်းမာရေးစောင့်ရှောက်မှု့သည် မရှိသလောက်နည်းပါးနေသည်ကို တွေ့ရှိကာ ဘိုးဘွားများ၏ကျန်းမာရေးအတွက် သွေးချိန်ပေးခြင်း၊ သွေးညှိပေးခြင်းလုပ်ငန်းများကိုပင် ဆောင်ရွက်ခြင်းမပြုလုပ်နိုင်ဘဲရှိရာ၊ ယခုအချိန်တွင် လေဖြတ်ခြင်း၊ ရုတ်တရက်သွေးတိုးခြင်းများဖြစ်ကာ အသက်ဆုံးရှုံးနေရသောအဖြစ်များနှင့် ရင်ဆိုင်ကြုံတွေ့နေကြရလေသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ ကျန်းမာရေးအခက်အခဲ

ဟိုင်းတောကျေးရွာတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အနီးကပ် ကျန်းမာရေးစောင့်ရှောက်မှု့မရှိဘဲ ရွာနှင့်(၁)မိုင်ခန့်ဝေးသော သနပ္ပင်ကုန်းကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကုသရပါသည်။ ကုသမှုခံယူနေကြရကာ ကိုယ်ဝန်နုစဉ်အခါနှင့် ကိုယ်ဝန်ရင့်ချိန်တွင် ဆိုင်ကယ်များနှင့် သွားရောက်ပြသရသည်မှာ အဆင်မပြေနိုင်ပဲ အန္တရာယ်တစ်စုံတစ်ရာဖြစ်နိုင်၍ လမ်းအနေအထားမှာလည်း မြေသားလမ်းဖြစ်ပြီး မိုးရာသီအချိန်တွင် ရွှံ့ချိုင့်များဖြစ်ပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများ

Scanned by CamScanner

မွေးဖွားခင်သွားရောက်ပြသရသည်မှာ ကိုယ်ဝန်ဆောင်စဉ်၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအတွက်
သွားရောက်၍ပြသရန် မဆိုထားနှင့် မီးဖွားရန်အတွက် သွေးသွန်ကာဆေးရုံကို အချိန်မီမပို့ပေးနိုင်သော
ကြောင့် အသက်အန္တရာယ်ထိခိုက် ဆုံးရှုံးနိုင်ပါသည်။


## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ ကျေးလက်ဆေးပေးခန်း မရှိခြင်းပြဿနာဖြေရှင်းမှုစက်ကွင်း အစီရင်ခံစာ

မြိုင်မြို့နယ်၊ သနပ်ပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာသည် ကျေးလက်ဆေးပေးခန်းမရှိသည့်အတွက် ကျန်းမာရေးတစ်စုံတစ်ခုဖြစ်ခဲ့လျှင် တခြားရွာသို့သွားရောက်ဆေးကုသမှုခံယူရပါသည်။ တခြားရွာသွားရာတွင် ဆရာမရှိမနေပါက စောင့်နေရပါသည်။ ဆေးခန်းမရှိသောကြောင့် များသောအားဖြင့် ထိခိုက်လွယ်သော သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်မိခင်၊ ကလေးသူငယ်များ ဒုက္ခရောက်ကြရပါသည်။ ဟိုင်းတောကျေးရွာသည် ကျန်းမာရေးအခက်အခဲမှ ကင်းလွတ်ရန် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ရမည်ဖြစ်ပါသည်။ ပထမဦးစွာ ဆေးပေးခန်းဆောက်ရန်အတွက် ကော်မတီများဖွဲ့စည်းမည်။ အကောင်အထည်ဖော်နိုင်ရန်အဆင်သင့်ဖြစ်နေရမည်။ ထို့နောက် လွှတ်တော်အစိုးရထံသို့ တင်ပြတောင်းခံရမည်။ မြို့နယ်ကျန်းမာရေးဌာနများနှင့်လည်း ချိတ်ဆက်တင်ပြတောင်းခံမည်ဖြစ်သည်။ Actionaid , INGO, NGO များနှင့်လည်း ချိတ်ဆက်၍ တောင်းခံမည်။ အကောင်အထည်ဖော်နိုင်ရန် အစီအစဉ်များကိုလဲ ရေးဆွဲအတည်ပြုခြင်းများ လုပ်ဆောင်မည်။ ကျန်းမာရေးအခက်အခဲဖြစ်ရသည့် ပြဿနာဖြစ်ရသည့် အကြောင်းအရင်းကိုလည်း ကျေးရွာလူထုမှ စုပေါင်းဖော်ထုတ်ကြမည်။ သို့မှသာ ဟိုင်းတောကျေးရွာရှိ ရွာသူ/သားများနှင့် ကိုယ်ဝန်ဆောင်မိခင်၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်များ တခြားသို့သွားရောက်ဆေးကုသမှု ခံယူစရာမလို၊ အချိန်မကုန်လမ်းခရီးစရိတ်၊ အကုန်အကျသက်သာကာ ကျေးရွာတွင်းမှာပဲ အချိန်မီကုသနိုင်ပြီး ဟိုင်းတောကျေးရွာနေ ရွာသူ/သားများအတွက် ကျန်းမာရေးသည် အခက်အခဲမရှိ အဆင်ပြေသွားမည်ဖြစ်ပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ကုန်းကျေးရွာအုပ်စု ဟိုင်းတောင်ကျေးရွာ
ကျေးလက်ဒေသ‌ဖေးဆိုးရှိရမ်ဖြစ်သော ရေရှားပါးမှု စာတမ်း

Date 3.12.20



မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
ပြဿနာသစ်ပင်များနှင့် ဖြေရှင်းမှုစက်ကွင်းများ၏ အစည်းအဝေးမှတ်တမ်း

ရက်စွဲ-၃-၁၂-၂၀၁၉

အစည်းအဝေးနေရာ -ဘုန်းတော်ကြီးကျောင်း
အစည်းအဝေးစတင်ချိန် -(၁း၃၀)နာရီ
အစည်းအဝေးပြီးဆုံးချိန် -(၃း၃၀)နာရီ
အစည်းအဝေးကြာချိန် -(၂း၀၀)နာရီ
တက်ရောက်သူစာရင်း -ကျား-၁၅
မ-၁၁
စုစုပေါင်း=၂၆

အစည်းအဝေးကို AAM Voturteer မှ စတင်မိတ်ဆက်ပြီး Village Book ထဲမှာ ပါတဲ့အကြောင်းအရာများနှင့် Village Book ရဲ့ အရေးပါပုံကို ကျေးရွာလူထုအားရှင်းပြပြီး ကျေးရွာချင်းဆက်လမ်းမကောင်းခြင်း ပြဿနာသစ်ပင်ရေးဆွဲရခြင်း အကြောင်းကို ပြောပြပါသည်။ လမ်းမကောင်းခြင်းပြဿနာသစ်ပင်ရေးဆွဲရခြင်း အကြောင်းကို ပြောပြပါသည်။ လမ်းမကောင်းခြင်းပြဿနာ ဘာကြောင့်ဖြစ်ရတာလဲ လို့မေးရာ-မြေသားလမ်းဖြစ်ပြီး မိုးတွင်းမှာဆို ရေတိုက်စားမှုတွေကြောင့်လို ဦးညီမြင့် မှ ပြောပါသည်။ ပြုပြင်ထိန်းသိမ်းမှုလုပ်ဆောင်ခဲ့သလားလို့မေးရာ ပြုပြင်ခဲ့ပါတယ်။ ဒါပေမဲ့ ဘယ်လိုပြင်ပြင် မိုးတွင်းရောက်ရင်နှုံးရေကျတော့ပြန်တော့ ပျက်စီးတာပဲလို့ အုပ်မှူးမှ ပြောပါသည်။ ဌာနဆိုင်ရာတွေကို လမ်းအတွက်တင်ပြည့်ခဲ့ဖူးလားလို့မေးရာ AAM ချိတ်တယ်၊ လွှတ်တော်တွေလဲ ချိတ်ဆက်တယ်၊ ဒါပေမဲ့လမ်းအတွက်အဆင်မပြေခဲ့ဘူးလို့ ပြောပါတယ်။ လမ်းမကောင်းခြင်းအတွက် ဘယ်လိုလူဆိုးကျိုးခံစားရလဲလို့မေးရာ ကျောင်းသားလူငယ်တွေရဲ့ ပညာရေးအတွက် သွားလာရေးမှာ အခက်အခဲဖြစ်ရတယ်လို့ ဒေါ်အုံးကြည် မှ ပြောပါတယ်၊ သက်ကြီးရွယ်အို ဘိုးဘွားတွေ၊ ကိုယ်ဝန်ဆောင်တွေများသောအားဖြင့် အခက်အခဲဖြစ်တယ် လမ်းမကောင်းတဲ့အတွက်ကြောင့် တခြားဆေးခန်းသွားဖို့ နောက်နေးတယ်လို့ အုပ်မှူး မှ ပြောပါတယ်။ တခြားရွာ၊ မြို့တွေအလုပ်သွားလုပ်ရတဲ့ သူတွေအတွက်လဲ မိုးတွင်းဆိုသွားလာရေးအဆင်မပြေတဲ့အတွက် စီးပွားရေးမှာ နောက်နေးတယ်လို့ ဦးသန်းလှိုင် မှ ပြောပါသည်။ ကျေးရွာမှ ရရှိသော သီးနှံများကို မြိုင်မြို့သို့ တင်ပို့ရောင်းချရာတွင်လဲ ပို့ဆောင်ရမည့်ရက် မိုးရွာလာရင် လမ်းမကောင်းရိုးရေကျသဖြင့် နောက်တစ်ရက်မှ သွားရောင်းရတယ်လို့ အုပ်ချုပ်ရေးမှူး မှ ပြောပါသည်။ ဘုန်းတော်ကြီးတွေလည်း တခြားရွာများသို့ သာရေး၊ နာရေးအတွက် သွားလာရာတွင်လဲ လမ်းမကောင်းခြင်းကြောင့် အခက်အခဲဖြစ်ရတယ်လို့ ဦးသန်းလှိုင် မှ ပြောပါသည်။ သီးနှံတွေစိုက်ပြီး မိုးရွာလာရင်လဲစိုက်ပြီးသား သီးနှံတွေက ရေထဲမျောပါသွားသဖြင့် စိုက်ပျိုးသီးနှံများဆုံးရှုံးကာ တောင်သူများ စီးပွားရေးမှာ ထိခိုက်ရတယ်လို့ ပြောပါသည်။



Scanned by CamScanner

ရှင်းဆက်လမ်းမကောင်းခြင်း ပြဿဖြေရှင်းမှု့စက်ကွင်း

လမ်းမကောင်းခြင်းပြဿကို ဘယ်လိုဖြေရှင်းကြမလဲလို့ AAM Volunteer မှ မေးပါသည်။ အုပ်မှူး ကျေးရွာကိုယ်ထူကိုယ်ထနဲ့လည်း မဖြေရှင်းနိုင်ဘူးလို့ ပြောပါသည်။ အဲ့ဒါကြောင့် ဌာနဆိုင်ရာတွေ ဆောင်လုပ်ပြီး ဖြေရှင်းနိုင်အောင် အကူအညီတောင်းရမယ် လို့ပြောပါသည်။ လူထုလုပ်အားပူးပေါင်းပါ ၍ ဖြေရှင်းကြမယ် လောလောဆယ်တော့ အက်ရှင်အေဒ့်ဆီ အကူအညီတောင်းမယ်လို့ ပြောပါသည်။ တ်တော်၊ အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဦးစီးဌာနတွေမှာလဲ အကူအညီတောင်း ဖြေရှင်းမယ် ့ ပြောပါသည်။ ဟိုင်းတောရွာမှာ တခြားအဖွဲ့အစည်းတွေက လုပ်ပေးဖူးလားလို့ မေးရာ အဲ့လိုတော့ မရှိ ူးလို့ အုပ်မှူးက ပြောပါသည်။

သောက်သုံးရေရရှိဖို့ လုပ်ဆောင်ရန်ခက်ခဲသော ပြဿနာသစ်ပင်

သောက်သုံးရေရရှိဖို့ လုပ်ဆောင်ရန် ဘာလို့ခက်ခဲတာလဲလို့မေးရာ ကျေးရွာရန်ပုံငွေမရှိလို့၊ အိမ်ခြေ နည်းလို့ ဦးထွန်းဝေ မှ ပြောပါသည်။ စီးပွားရေးအခြေအနေ ဖွံ့ဖြိုးမှု့အားနည်းလို့ ဦးညီမြင့် မှ ပြောသည်။ အလှူရှင်ဌာနဆိုင်ရာတွေ နှင့် ချိတ်ဆက်မှု့အားနည်းလို့ အုပ်မှူး မှ ပြောပါသည်။ သောက်သုံးရေမရှိတဲ့ အတွက် ဘာတွေအခက်အခဲဖြစ်လဲလို့မေးရာ အခုသုံးနေရတဲ့ရေက ထုံးဓာတ်လွန်ကဲပြီး ကျန်းမာရေး ထိခိုက်တယ်လို့ အုပ်မှူး မှ ပြောပါသည်။ ရေအဆင့်မမီ ရေငံဖြစ်နေသောကြောင့် အဆင်မပြေဘူး၊ မိုးရေ၊ လှောင်ရေကိုသာ သောက်သုံးရတယ်လို့ ဦးသန်းလှိုင် မှ ပြောပါတယ်။ မိုးရေနစ်ပတ်လည်လုံလောက်မှု့ ရှိသလားဆိုတော့ လုံလောက်မှု့မရှိဘူး၊ မလုံလောက်တဲ့အခါ ထုံးဓာတ်များပါတဲ့ ရေကိုသာသောက်သုံး ရတယ်လို့ ဦးထွန်းဝေ ပြောပါသည်။ ရေငံတော့ အိမ်ရှင်မတွေအတွက် ဆန်ကောင်းပေမယ့် ရေမကောင်း တော့ အဆင်မပြေဘူး၊ အိမ်စားဖို့ အသီးအရွက်တွေစိုက်လဲမဖြစ်ထွန်းဘူးလို့ ဒေါ်အုံးကြည် မှ ပြောပါသည်။ နောက်ဆုံးဘာတွေဖြစ်လာလဲလို့မေးရာ ဝမ်းရောဂါတွေ ၊ ဆီးကျောက်တည်တာတွေဖြစ်တယ်လို့ ကျေးရွာ သူ/သားများမှ ပြောပါသည်။

သောက်သုံးရေရရှိရန် ပြဿနာဖြေရှင်းမှု့စက်ကွင်း

သောက်သုံးရေရရှိဖို့ပြဿနာတွေကို ဘယ်လိုဖြေရှင်းမလဲလို့မေးရာ စည်ပင်ကျေးလက်ဌာနကို အကူအညီတောင်းမယ်၊ လွှတ်တော်၊ AAM, INGO, NGO တွေနဲ့ချိတ်ပြီး အကူအညီတောင်းမယ်လို့ အုပ်မှူး မှ ပြောပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနဲ့ချိတ်ပြီး အကူအညီတောင်းမယ်၊ ကျေးရွာလူ ထုပူးပေါင်းပါဝင် လုပ်ဆောင်ပြီး ဖြေရှင်းမယ်လို့ ကျေးရွာလူထုမှ ပြောပါသည်။

မူလတန်းအဆင့်စာသင်ကျောင်းစရှိသော ပြဿနာသစ်ပင်

မူလတန်းအဆင့်စာသင်ကျောင်းမရှိတာ ဘာကြောင့်လဲ လို့မေးရာ ကိုယ်ထူကိုယ်ထမလုပ်နိုင်ခြင်း၊ ဆက်လက်ရန်ပုံငွေမရှိခြင်းကြောင့်လို့ ဦးညိုမြင့် မှ ပြောသည်။ အလှူရှင်များ နှင့် ချိတ်ဆက်မှု့အားနည်းခြင်း၊ နိုင်ငံတော်မှ ကျောင်းချခြင်းမရှိသောကြောင့် လို့ပြောပါသည်။ ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှု့အားနည်းတာရောကြောင့်လို့ ဦးသန်းလှိုင် မှ ပြောပါသည်။ မူလတန်းကျောင်းမရှိခြင်းကြောင့် ဘယ်လိုအခက်အခဲနှင့် ဆိုးကျိုးတွေဖြစ်လာလဲလို့မေးရာ ကျောင်းသားမိဘတွေ ဒုက္ခများရတယ်၊ အကြိုအပို့တွေလုပ်ရတာ ပိုဆိုးတယ်လို့ ဒေါ်တင်ဆိုင် မှ ပြောသည်။ အစုအချိန်က ကလေးဖမ်းတွေရှိတော့ တစ်ခြားရွာသွားတက်ရတာပိုစိတ်ပူရတယ်လို့ ပြောပါသည်။ မိဘတွေမှာ အလုပ်လုပ်ချိန်တွေ နောက်နေးရတယ်လို့ ဦးသန်းလှိုင် မှ ပြောသည်။ ကလေးတွေအတွက် စာကျက်ချိန်တွေ အနားယူချိန်တွေ ပိုနောက်နေးရတယ်လို့ ရွာသူ/သားများ မှ ပြောပါသည်။

စာသင်ကျောင်းမရှိခြင်းပြဿနာ ဖြေရှင်းမှု့စက်ကွင်း

စာသင်ကျောင်းမရှိခြင်းပြဿနာကို ဘယ်လိုဖြေရှင်းမလဲလို့မေးရာ လွှတ်တော်၊ဌာနဆိုင်ရာတွေ နှင့် ချိတ်ဆက်အကူအညီတောင်းမယ်လို့ ပြောပါသည်။ ကျေးရွာလူထုပူးပေါင်းပါဝင်လုပ်ဆောင်မယ် ပြောသည်၊ AAM ,INGO , NGO တွေနဲ့ ချိတ်ပြီး အကူအညီတောင်းလုပ်ဆောင်မည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်အကူအညီတောင်းခြင်း၊ မြို့နယ်ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက် အကူအညီတောင်းမယ်လို့ ပြောပါသည်။ တိုင်းပညာရေးဦးစီးဌာနနှင့်လည်း ချိတ်ဆက်အကူအညီတောင်းလုပ်ဆောင်ဖြေရှင်းမယ်လို့ ကျေးရွာသူ/သားများမှ ပြောပါသည်။

ကျေးလက်ဆေးပေးခန်းမရှိခြင်းပြဿနာသစ်ပင်

ကျေးလက်ဆေးပေးခန်းမရှိတော့တာ ဘာကြောင့်မရှိတာလဲလို့မေးရာ ကျေးရွာမှ အင်အားမတက်နိုင်လို့ အုပ်မှူး မှ ပြောပါသည်။ နိုင်ငံတော်ကလဲချမပေးနိုင်လို့ ပြောပါသည်။ စိတ်ဝင်စားမှု့မရှိခြင်းကြောင့်၊ ကျေးရွာရန်ပုံငွေမရှိခြင်းကြောင့်လို့ ဦးသန်းလှိုင် နှင့် ဦးညိုမြင့် မှ ပြောပါသည်။ ကျေးလက်ဆေးပေးခန်းမရှိခြင်းကြောင့် ဘာတွေအခက်အခဲဖြစ်လာလဲလို့ မေးပါသည်။ ကိုယ်ဝန်ဆောင်မိခင်၊ သက်ကြီးရွယ်အိုတွေအတွက် ဒုက္ခရောက်ရတယ်လို့ ပြောပါသည်။ ကျန်းမာရေးအသိပညာတွေနည်းပါးလာတယ်၊ ကိုယ်ကျေးရွာလူထုအနေနဲ့လည်း လေ့လာမှု့အားနည်းလို့လည်း ဖြစ်တယ်လို့ ပြောပါသည်။ နေမကောင်းလျှင်သနပ်ပွင့်ကုန်းထိသွားပြရတယ် အဲ့မှာ ဆရာမနဲ့တန်းမတွေ့ရင် စောင့်နေရတယ်။ အချိန်မီမကုသနိုင်တာတွေ ဖြစ်လာတယ်လို့ ဒေါ်အုံးကြည်၊ ဒေါ်အေးမြိုင် တို့မှ ပြောပါသည်။ ဆေးခန်းက တခြားသွားရတဲ့အတွက် အလုပ်အကိုင်ပျက်ရတယ်၊ နောက်ဆုံးစီးပွားရေးအဆင်မပြေအဲသက်ဆုံးရှုံးတာတွေပါ ဖြစ်ရတယ်လို့ ကျေးရွာအုပ်ချုပ်ရေးနှင့် ရွာသူရွာသားများ မှပြောပါသည်။

ကျေးလက်ဆေးပေးခန်းမရှိခြင်းပြဿနာ ဖြေရှင်းမှု့ စက်ကွင်း

ပြဿနာဘယ်လိုဖြေရှင်းမလဲ ဘက်စုံဆေးပေးခန်း တည်ဆောက်နိုင်ရန်အတွက် ကော်မတီဖွဲ့စည်းခြင်း၊ လွှတ်တော်သို့တင်ပြတောင်းဆိုခြင်း တွေပြုလုပ်ရမည်လို့ ပြောပါသည်။ နိုင်ငံတော်အစိုးရထံ တင်ပြ

အကူအညီတောင်းခြင်း၊ ဌာနဆိုင်ရာများနှင့် မြို့နယ်ကျန်းမာရေးဌာနတွေဆီ ချိတ်ဆက်အကူအညီတောင်းမယ်လို့ ပြောသည်။ AAM, NGO, INGO အဖွဲ့တွေနှင့် ချိတ်ဆက် အကူအညီတောင်းခြင်း၊ ကျန်းမာရေးပြဿနာအခက်အခဲဖြစ်ရသည့်အကြောင်းအရင်းကို ကျေးရွာလူထုမှ စုပေါင်းဖော်ထုတ်မယ် အကောင်အထည်ဖော်ရန် အစီအစဉ်တွေကို ရေးဆွဲအတည်ပြုခြင်းတွေ ပြုလုပ်ဖြေရှင်းမယ်လို့ကျေးရွာသူ/သားများမှ ပြောပါသည်။ နောက်ထပ်လိုအပ်ချက်ပြဿနာတွေ ဘာတွေရှိသေးလဲထပ်ဖြည့်ချင်တာတွေရှိသေးလားလို့မေးရာ အခုလောလောဆယ်တော့မရှိသေးပါဘူးလို့ အုပ်မှူးမှ ပြောပါသည်။ AAM Volurteer မှ ယနေ့အစည်းအဝေးပြုလုပ်ခဲ့တဲ့ အကြောင်းအရင်းတွေအစဆုံးကို အနှစ်ချုပ်ပြန်လည်ရှင်းပြပြီး တက်ရောက်ပေးကြသော ကျေးရွာသူ/သားများအားလုံးကို ကျေးဇူးတင်စကားပြော၍ အစည်းအဝေးကို (၃း၃၀)မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းရေးသူ
မီမီထွန်း

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
ပြဿနာသစ်ပင်များနှင့် ပြဿနာဖြေရှင်းမှုစက်ကွင်း အစည်းအဝေးတက်ရောက်သူများစာရင်း

ရက်စွဲ၊ ၃-၁၂-၂၀၁၉

| စဉ် | အမည် | ကျေးရွာ | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးညိုမြင့် | ဟိုင်းတော | | | |
| ၂ | ဦးတင်ဝင်း | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၃ | ဦးမြင့်လွင် | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၄ | ဦးမာဒင် | ဟိုင်းတော | ရွာခွဲတာဝန်ခံ | | |
| ၅ | ဦးတိုးနိုင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၆ | ဦးဇော်မျိုးအောင် | ဟိုင်းတော | | | |
| ၇ | ဦးအောင်လွင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၈ | ဦးမြင့်ဝင်း+ ဇာ | ဟိုင်းတော | | | |
| ၉ | ဦးဝေမင်း | ဟိုင်းတော | | | |
| ၁၀ | ဦးဝင်းမင်းသန့် | ဟိုင်းတော | | | |
| ၁၁ | ဦးညိုမောင်း | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၁၂ | ဒေါ်အုံးကြည် | ဟိုင်းတော | | | |
| ၁၃ | ဒေါ်စန်းကြည် | ဟိုင်းတော | | | |
| ၁၄ | ဒေါ်ညွန့်ခင် | ဟိုင်းတော | | | |
| ၁၅ | ဒေါ်စန်းယုမော် | ဟိုင်းတော | | | |
| ၁၆ | ဦးတင်ဆွေ-၂ | ဟိုင်းတော | | | |
| ၁၇ | ဒေါ်အေးမြင့် | ဟိုင်းတော | | | |
| ၁၈ | ဦးအောင်ဌေး | ဟိုင်းတော | | | |
| ၁၉ | ဦးသန်းလှိုင် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်အေးမြိုင် | ဟိုင်းတော | | | |
| ၂၁ | ဒေါ်ယမင်းခိုင် | ဟိုင်းတော | | | |
| ၂၂ | ဒေါ်ရီရီသန့် | ဟိုင်းတော | | | |
| ၂၃ | ဦးကျော်ကျော်မင်း - | ဟိုင်းတော | | | |
| ၂၄ | ဒေါ်ဖြူရှိန် | ဟိုင်းတော | | | |
| ၂၅ | ဒေါ်ချို | ဟိုင်းတော | | | |
| ၂၆ | ဒေါ်စိန်မြရီ | ဟိုင်းတော | | | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၊ သနပ်ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖော်ရေး ရေးဆွဲခြင်းအစည်းအဝေးမှတ်တမ်း

ရက်စွဲ-၃-၁၂-၂၀၁၉

| စဉ် | ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းအမည် | ခန့်မှန်းကုန်ကျစရိတ် | လုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေရရှိမှု(ကျပ်သိန်း) | | | | အကျိုးပြုအိမ်ထောင်စု | စီမံကိန်းလွှမ်းခြုံမည့်ဦးရေ | ဦးစားပေးအဆင့် | လုပ်ငန်းတိုးတက်မှုအခြေအနေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူထည့်ဝင်မှု | နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် | နိုင်ငံခြားအကူအညီအထောက်အပံ့ | စုစုပေါင်း | | | | |
| ၁ | အောင်ဇံကုန်း-ဟိုင်းတောရွာချင်းဆက်လမ်း | ကျပ်သိန်း (၁၀၀) | လုပ်အား | ကျပ်သိန်း (၁၀၀) | - | ကျပ်သိန်း (၁၀၀) | ၂၅၀ | ကျေးရွာ (၆)ရွာ | ၁ | - |
| ၂ | ရေစင်ဆောက်ရန်နှင့်ရေတွင်းတူးရန်(အနက်ပေ ၇၀၀) | ကျပ်သိန်း (၁၈၀) | လုပ်အားနှင့် ရေပိုက်လိုင်း | ကျပ်သိန်း (၁၀၀) | ကျပ်သိန်း (၈၀) | ကျပ်သိန်း ( ၁၈၀) | ၃၈ | ဟိုင်းတောကျေးရွာ | ၂ | ရေပိုက်လိုင်းမြုပ်ပြီး |
| ၃ | အသက်မွေးဝမ်းကြောင်း ဆိုင်ရာအိမ်တွင်းမှု့သင်တန်း | - | သင်တန်းနေရာနှင့် သင်တန်းသား | | သင်တန်းဆရာ နည်းပညာ | | ၃၈ | ဟိုင်းတောကျေးရွာ | ၃ | |
| ၄ | စာကြည့်တိုက်အဆောက်အဦး | ကျပ်သိန်း (၃၀) | လုပ်အားမြေနေရာ | ကျပ်သိန်း (၃၀) | စာအုပ်နှင့် ပရိဘောဂပစ္စည်း | ကျပ်သိန်း (၃၀) | ၃၈ | ဟိုင်းတောကျေးရွာ | ၄ | |

Scanned by CamScanner

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၅ | သင်ကျောင်း(၆၀×၃၀) ပေ သွပ်မိုးအုတ်ကာ အင်္ဂတေခင်း | ကျပ်သိန်း (၃၀၀) | လုပ်အား မြေနေရာ | ကျပ်သိန်း (၂၀၀) | ကျပ်သိန်း (၃၀၀) | ကျပ် သိန်း (၃၀၀) | ၃၈ | ဟိုင်း တော ကျေးရွာ | ၅ | |
| ၆ | ကျေးလက်ဆေးပေးခန်း (၂၀×၃၀)ပေ | ကျပ်သိန်း (၁၅၀) | လုပ်အား မြေနေရာ | ကျပ်သိန်း (၁၀၀) | ကျပ်သိန်း (၅၀) | ကျပ် သိန်း (၁၅၀) | ၃၈ | ဟိုင်း တော ကျေးရွာ | ၆ | |

ရက်စွဲ-၃-၁၂-၂၀၁၉

| စဉ် | အကြောင်းအရာ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာချင်းဆက်လမ်း | | လမ်း | လမ်း | လမ်း | လမ်း | လမ်း | ၅ | ၁ |
| ၂ | ရေတွင်းရေစင် | | | ရေတွင်း၊စင် | ရေတွင်း၊စင် | ရေတွင်း၊စင် | ရေတွင်း၊စင် | ၄ | ၂ |
| ၃ | အသက်မွေးဝမ်းကြောင်းဆိုင်ရာအိမ်တွင်းမှုသင်တန်း | | | | အိမ်တွင်းမှု | အိမ်တွင်းမှု | အိမ်တွင်းမှု | ၃ | ၃ |
| ၄ | စာကြည့်တိုက် | | | | | စာကြည့်တိုက် | စာကြည့်တိုက် | ၂ | ၄ |
| ၅ | မူလတန်းအဆင့်စာသင်ကျောင်း | | | | | | ဆေးခန်း | ၁ | ၅ |
| ၆ | ကျေးလက်ဆေးပေးခန်း | | | | | | | ၀ | ၆ |

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ်ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ လိုအပ်ချက် နှိုင်းယှဉ်ခြင်း နှင့် အကောင်အထည်ဖော်ဇယားရေးဆွဲခြင်း အစည်းအဝေးမှတ်တမ်း

ရက်စွဲ-၃-၁၂-၂၀၁၉

| | |
|---|---|
| အစည်းအဝေးနေရာ | -ဘုန်းတော်ကြီးကျောင်း |
| အစည်းအဝေးစတင်ချိန် | -(၁း၀၀)နာရီ |
| အစည်းအဝေးပြီးဆုံးချိန် | -(၂း၃၀)နာရီ |
| အစည်းအဝေးကြာချိန် | -(၁း၃၀)နာရီ |
| တက်ရောက်သူစာရင်း | -ကျား-၁၅ |
| | မ -၁၁ |
| | စုစုပေါင်း- ၂၆ |

အစည်းအဝေးကို AAM Volunteer စတင်မိတ်ဆက်ပြီး အစည်းအဝေးပြုလုပ်ရသည့်အကြောင်း အရင်းကို ရှင်းပြပါသည်။ အကြောင်းအရင်းမှာ ကျေးရွာလိုအပ်ချက်များ အကောင်အထည်ဖော်ရန် အဆင့် သတ်မှတ်ရမှာဖြစ်တယ်လို့ ပြောပါသည်။ ဟိုင်းတောကျေးရွာရဲ့ လိုအပ်ချက်များက ကျေးရွာချင်းဆက် လမ်း၊ ရေတွင်းရေစည်၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အိမ်တွင်းမှုသင်တန်း၊ စာကြည့်တိုက်၊ မူလတန်း အဆင့်စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းတွေဖြစ်တယ်လို့ အစည်းအဝေးတက်ရောက်သူများအား လုံးက ဝိုင်းဝန်းဆွေးနွေးခဲ့ပြီး လိုအပ်ချက်ဦးစားပေးအနေနဲ့ ဆိုရင် ကျေးရွာချင်းဆက်လမ်းလို့ ပြောပါသည်။ ဘာလို့ပထမဦးစားပေးထားလဲဆို ကလေးတွေကျောင်းသွားလာရေးလွယ်ကူဖို့ရန်၊ မိုးရာသီတွင် ကူးသန်း ရောင်းဝယ်ရေးအဆင်ပြေရန်၊သာရေး၊ နာရေးကိစ္စများတွေမှာ အဆင်ပြေပြေသွားလာနိုင်ရန်အတွက် အဆင့်(၁)ထားတယ်လို့ ပြောပါသည်။ အဆင့်(၂)အနေနဲ့ ရေစင်၊ ရေတွင်း ဘာလို့ထားလဲဆို လက်ရှိ ရေက ရေငံတွေထွက်တယ် သောက်သုံးလို့အဆင်မပြေဘူး အဝီစိတွင်းတူးမှ အဆင်ပြေနိုင် မှ အဆင်ပြေ မှာမို့ (၂)ထားရခြင်းဖြစ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါး၍ တခြားသို့သွားရောက်လုပ်ကိုင်ကြရ သဖြင့် အမျိုးသမီးငယ်များ လူငယ်များအတွက် အိမ်တွင်းမှုအသက်မွေးဝမ်းကြောင်း သင်တန်းရစေချင် တယ်။ ကိုယ်စီတတ်မြောက်စေချင်တယ် အာ့ကြောင့် ဦးစားပေးအဆင့်(၃)ထားရခြင်းဖြစ်ပါသည်။

ကျေးရွာရှိ ကလေးသူငယ်၊ လူငယ်များအတွက် စာကြည့်တိုက်လေးရှိစေချင်တာပေါ့ စာကြည့် တိုက်ရှိခြင်းအားဖြင့် ကလေးသူငယ်များ အသိပညာဗဟုသုတတွေများလာမယ်၊ အချိန်တွေအကျိုးရှိရှိသုံး တတ်လာမယ့်၊ အဲဒါကြောင့် အဆင့်(၄)အနေနဲ့ စာကြည့်တိုက်ထားရခြင်းဖြစ်ပါသည်။ ဟိုင်းတောရွာမှာ မူလတန်းအဆင့်စာသင်ကျောင်းရှိလျှင် တခြားရွာသို့ သွားရောက်တက်ရောက်စရာမလိုဘဲ ကျေးရွာတွင်း မှာပဲ အန္တရာယ်ကင်းစွာသွားလာလို့ရမယ်၊ တခြားကျောင်းသွားတက်ရတဲ့အချိန်တွေ လျော့နည်းသွားပြီး အိပ်ရေးဝဝအိပ်ရမယ်။ အိမ်စာတွေလုပ်နိုင်မယ်။ စာကျက်ချိန်တွေပိုရလာမယ် အာ့ကြောင့် ဦးစားပေး အဆင့်(၅)ဖြစ်ပါသည်။ ဟိုင်းတောကျေးရွာမှ ကျေးလက်ဆေးပေးခန်းရှိခြင်းအားဖြင့် ကျန်းမာရေးတစ်ခုခု ဖြစ်လျှင် ဥပမာ ဗိုက်နာ၊ ခေါင်းမူး၊ ခေါင်းကိုက်ဖြစ်တာလေးကအစ လွယ်ကူစွာသွားရောက်ပြနိုင်မယ် အရေး

Scanned by CamScanner

ပါဖြစ်ခဲ့လျှင်လဲ ဆေးခန်းရှိတဲ့အတွက် တခြားသွားရမယ့်အချိန် ငွေတွေသက်သာမယ်။ သက်ကြီးရွယ်အိုတွေ နေမကောင်းလျှင်လဲ ကိုယ်ရွာတွင်းမှာပဲ သက်သက်သာသာသွားရောက်ဆေးကုသမှု ခံယူလို့ရမယ် ကြောင့် အဆင့်(၆)ထားရခြင်းဖြစ်ပါသည်။

ဦးစားပေးအဆင့်သတ်မှတ်ရွေးချယ်ပြီးသွားတဲ့အချိန်မှာ လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် လိုအပ်တဲ့ ဘတ်ဂျက်တွက်ချက်ရမည့်ပုံကို ရေးဆွဲရန် AAM volunteer မှ ရှင်းပြပါသည်။ အောင်ဇံကုန်း နှင့် ဟိုင်းတောရွာချင်းဆက်လမ်းအတွက် ခန့်မှန်းကုန်ကျစရိတ် (၁၀၀)သိန်း၊ ပြည်သူ့ထည့်ဝင်နိုင်မှု လုပ်အား၊ နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် (၁၀၀)သိန်းလို့ ဦးထွေးမောင်မောင် မှ ရှင်းပြတွက်ချက်ပေးပါသည်။ ရေစင်ဆောက်ရန်နှင့် ရေတွင်းတူးရန်အတွက် အနက်ပေက(၇၀၀)ပေ ခန့်မှန်းကုန်ကျစရိတ်(၁၈၀)သိန်း၊ ရွာသူ/သားများမှ လုပ်အားနှင့် ရေပိုက်လိုင်း၊ နိုင်ငံတော်မှ ဆောင်ရွက်ပေးရန်(၁၀၀)သိန်း၊ နိုင်ငံခြားအကူအညီအထောက်အပံ့(၈၀)သိန်း စုစုပေါင်း(၁၈၀)သိန်း အကျိုးပြုအိမ်ထောင်စု(၃၈)စု နှင့် စီမံကိန်းလွှမ်းခြုံမည့် ဦးရေ ဟိုင်းတောကျေးရွာ(၁၆၀)ယောက် ဖြစ်ပါသည်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာ အိမ်တွင်းမှု သင်တန်းအတွက် ကျေးရွာပါဝင်မှုက သင်တန်းနေရာနှင့် သင်တန်းသူ/သား နိုင်ငံခြားအကူအညီ အထောက်အပံ့ သင်တန်းဆရာနှင့်နည်းပညာ၊ အကျိုးပြုအိမ်ထောင်စု(၃၈)စု စီမံကိန်းလွှမ်းခြုံမည့်ဦးရေ ဟိုင်းတောကျေးရွာ(၁၆၀)ယောက် ဖြစ်ပါသည်။

အုပ်မှူးမှ ကျေးရွာစာကြည့်တိုက်အတွက် ခန့်မှန်းကုန်ကျစရိတ်(၃၀)သိန်း၊ ကျေးရွာမှ လုပ်အား မြေနေရာ၊ နိုင်ငံတော်မှ(၃၀)သိန်း၊ နိုင်ခြား မှ စာအုပ်နှင့်ပရိဘောဂပစ္စည်း၊ စုစုပေါင်း(၃၀)သိန်း၊ အကျိုးပြုအိမ်ထောင်စုအနေနဲ့(၃၈)စုဖြစ်ပြီး၊ စီမံကိန်းလွှမ်းခြုံမှာက ဟိုင်းတောကျေးရွာတစ်ရွာ(၁၆၀)ယောက်ဖြစ်ပါသည်။ မူလတန်းစာသင်ကျောင်း(၆၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းအတွက် ခန့်မှန်းကုန်ကျစရိတ်(၃၀၀)သိန်း၊ ကျေးရွာလူထုပါဝင်မှု လုပ်အား၊ မြေနေရာ၊ နိုင်ငံတော်မှ ဆောင်ရွက်ပေးရန်(၂၀၀)သိန်း၊ နိုင်ငံခြားအကူအညီအထောက်အပံ့(၁၀၀)သိန်း၊ စုစုပေါင်းကျပ်သိန်း(၃၀၀)အကျိုးပြုအိမ်ထောင်စု(၃၈)စု နှင့် စီမံကိန်းလွှမ်းခြုံမည့်ဦးရေ ဟိုင်းတောရွာတစ်ရွာ(၁၆၀)ယောက်ဖြစ်ပါသည်။ ကျေးလက်ဆေးပေးခန်း (၂၀×၃၀)ပေ အတွက် ခန့်မှန်းကုန်ကျစရိတ်(၁၅၀)သိန်း၊ ကျေးရွာလူထုပူးပေါင်းပါဝင်မှု လုပ်အားနှင့် မြေနေရာ၊ နိုင်ငံတော်မှ ဆောက်ရွက်ပေးရန် ကျပ်သိန်း(၁၀၀)၊ နိုင်ငံခြားအကူအညီထောက်ပံ့(၅၀)သိန်း၊ စုစုပေါင်း(၁၅၀)သိန်း၊ အကျိုးပြုအိမ်ထောင်စု(၃၈)စုနှင့် စီမံကိန်းလွှမ်းခြုံမည့်ဦးရေ ဟိုင်းတောကျေးရွာတစ်ရွာ(၁၆၀)ယောက် စသော ကုန်ကျစရိတ်ဘတ်ဂျက်များကို အုပ်မှူးနှင့်အတူ ကျေးရွာလူထုအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ အခုလို ဝိုင်းဝန်းလုပ်ဆောင်ရွက်ပေးကြတဲ့အတွက် ဟိုင်းတောကျေးရွာသူ/သားများအားလုံးကို ကျေးဇူးတင်စကားပြော၍ အစည်းအဝေးကို အကျိုးဆောင်လူငယ်မှ (၂း၃၀) မိနစ်အချိန်တွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းရေးသူ
မီမီထွန်း


Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပွင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
လိုအပ်ချက်နှိုင်းယှဉ်ပြဇယားနှင့် အကောင်အထည်ဖော်ဇယားရေးဆွဲခြင်း၏ တက်ရောက်သူစာရင်း

ရက်စွဲ၊ ၃-၁၂-၂၀၁၉

| စဉ် | အမည် | ကျေးရွာ | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးညိုမြင့် | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၂ | ဦးတင်ဝင်း | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၃ | ဦးမြင့်လွင် | ဟိုင်းတော | ရွာခွဲတာဝန်ခံ | | |
| ၄ | ဦးမာဒင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၅ | ဦးတိုးနိုင် | ဟိုင်းတော | | | |
| ၆ | ဦးဇော်မျိုးအောင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၇ | ဦးအောင်လွင် | ဟိုင်းတော | | | |
| ၈ | ဦးမြင့်ဝင်း+ ဇာ | ဟိုင်းတော | | | |
| ၉ | ဦးဝေမင်း | ဟိုင်းတော | | | |
| ၁၀ | ဦးဝင်းမင်းသန့် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၁၁ | ဦးညိုမောင်း | ဟိုင်းတော | | | |
| ၁၂ | ဒေါ်အုံးကြည် | ဟိုင်းတော | | | |
| ၁၃ | ဒေါ်စန်းကြည် | ဟိုင်းတော | | | |
| ၁၄ | ဒေါ်ညွန့်ခင် | ဟိုင်းတော | | | |
| ၁၅ | ဒေါ်စန်းယုမော် | ဟိုင်းတော | | | |
| ၁၆ | ဦးတင်ဆွေ-၂ | ဟိုင်းတော | | | |
| ၁၇ | ဒေါ်အေးမြင့် | ဟိုင်းတော | | | |
| ၁၈ | ဦးအောင်ဒွေး | ဟိုင်းတော | | | |
| ၁၉ | ဦးသန်းလှိုင် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်အေးမြိုင် | ဟိုင်းတော | | | |
| ၂၁ | ဒေါ်ယမင်းခိုင် | ဟိုင်းတော | | | |
| ၂၂ | ဒေါ်ရီရီသန့် | ဟိုင်းတော | | | |
| ၂၃ | ဦးကျော်ကျော်မင်း | ဟိုင်းတော | | | |
| ၂၄ | ဒေါ်ဖြူရှိန် | ဟိုင်းတော | | | |
| ၂၅ | ဒေါ်ချို | ဟိုင်းတော | | | |
| ၂၆ | ဒေါ်စိန်မြရီ | ဟိုင်းတော | | | |

Scanned by CamScanner



Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏ အနာဂတ်မျှော်မှန်းချက် မြေပုံ၏ အစီရင်ခံစာ

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတော ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပညာရေးတို့တွင် အခက်အခဲများစွာ ကြုံတွေ့ရပါသည်။ ဟိုင်းတောကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်များမှာလည်း အင်မတန်ရိုးရှင်းပြီး မိသားစုတိုင်းစီးပွားရေးအဆင်ပြေ၍ အကြွေမြေကင်းကာ တောင်သူရိုးရာလုပ်ငန်းကို ကိုယ့်ရပ်ရွာတွင်းမှာပင် မိသားစု ဥမကွဲသိုက်မပျက်ပဲ အဆင်ပြေစွာ လုပ်ကိုင်စားသောက်နိုင်ကြပြီး လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွက် အေးဆေးစွာကျော်လွှားနိုင်၍ အေးချမ်းပျော်ရွှင်စွာနေထိုင်နိုင်သော ဘဝကို အိမ်မက်ကိုယ်စီမက်ထားခဲ့ကြပြီး ဖြစ်ပါသည်။

ဟိုင်းတောကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးမှာ မြေနီလမ်းဖြစ်သောကြောင့် တစ်ရွာနှင့်တစ်ရွာသွားလာရလွယ်ကူလှပါသည်။ မြိုင်မြို့သို့ သီးနှံများတင်ပို့ရောင်းချရာတွင်လည်း လမ်းခရီးတွင် အခက်အခဲမရှိသွားလာနိုင်ပါသည်။ ကျေးရွာတွင် လမ်းညီညာဖြောင့်ဖြူးသောကြောင့် ကျေးရွာတွင်းတစ်အိမ်နှင့်တစ်အိမ်သွားရလွယ်ကူပြီး ရွာဂုဏ်ကျက်သရေကို ဖော်ကျူးသလိုခံစားရပါသည်။

ဟိုင်းတောကျေးရွာသည် ဆေးပေးခန်းရှိနေသောကြောင့် ကျေးရွာသူ/သားများ အရေးပေါ်ကျန်းမာရေးတစ်စုံတစ်ရာဖြစ်လျှင် တခြားသွားစရာမလိုပဲ ကိုယ့်ကျေးရွာတွင်းမှာပဲ အချိန်မီဆေးကုသမှုခံယူနိုင်ပါသည်။ ဆေးပေးခန်းရှိနေသောကြောင့် တခြားသွားရမည့် ခရီးစရိတ်များသက်သာပြီး အိမ်အသုံးစရိတ်ပိုထွက်လာပါမည်။ ကိုယ့်ကျေးရွာတွင်း ဆေးဆရာမရှိနေသောကြောင့် ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေးဟောပြောပွဲများမှ တစ်ဆင့် ကျန်းမာရေးနှင့် ပတ်သက်သော ဗဟုသုတများတိုးပွားရပါသည်။

ဟိုင်းတောကျေးရွာသည် စီးပွားရေးအဆင်ပြေသောကြောင့် ကိုယ့်ကျေးရွာတွင်ရှိသော အလှူမင်္ဂလာ စသော သာရေး၊နာရေးများတွင် ငွေအမြောက်အများထည့်ဝင်နိုင်ပါသည်။ စီးပွားရေးအဆင်ပြေသောကြောင့် သီးနှံများသိမ်းဆည်းရောင်းချပြီးလျှင် အလှူပွဲများတက်တက်ကြွကြွပြုလုပ်နိုင်ကြပါသည်။ စီးပွားရေးအဆင်ပြေသဖြင့် ကိုယ့်ရွာတွင်းသာမက တခြားရွာ၊မြို့များသို့ သာရေး၊ နာရေးလုပ်ငန်းများတွင် လိုက်ပါလုပ်ဆောင်နိုင်ကြသဖြင့် လူမှုရေးများပါ မပျက်မကွက် ပါဝင်ဆောင်ရွက်လာနိုင်ပါသည်။

ဟိုင်းတောကျေးရွာသည် ကိုယ့်ကျေးရွာတွင် စာသင်ကျောင်းရှိနေသောကြောင့် ကျေးရွာရှိကလေးသူငယ် များ ပညာရေးမှာ အရင်ကထက်ပိုအဆင်ပြေလာပါသည်။ တခြားမြို့၊ ကျေးရွာများသို့ သွားတက်စရာမလိုသောကြောင့် အချိန်မှီပညာသင်ကြားနိုင်ပြီး၊ မိဘများလဲ သားသမီးများကို လမ်းခရီးအန္တရာယ်အတွက် စိတ်ပူစရာမလိုပဲ ကိုယ်အိမ်အလုပ်ကို စိတ်ချစွာ လုပ်ကိုင်နိုင်ပါသည်။ ကလေးသူငယ်များလဲ ကိုယ့်ကျေးရွာစာသင်ကျောင်းရှိနေသဖြင့် တခြားသွားတက်ရသလို အချိန်တွေပိုမပေးရပဲ အနားယူချိန် အိမ်စာလုပ်ချိန်၊ စာကျက်ချိန်တွေ ပိုထွက်လာပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
အနာဂတ်မျှော်မှန်းချက်မြေပုံ အစည်းအဝေးမှတ်တမ်း

ရက်စွဲ-၃-၀၂-၂၀၁၉

အစည်းအဝေးနေရာ -ဘုန်းတော်ကြီးကျောင်း
အစည်းအဝေးစတင်ချိန် -(၁း၀၀)နာရီ
အစည်းအဝေးပြီးဆုံးချိန် -(၂း၁၅)နာရီ
အစည်းအဝေးကြာချိန် -(၁း၁၅)နာရီ
တက်ရောက်သူစာရင်း -ကျား-၁၅
မ -၁၁
စုစုပေါင်း- ၂၆

အစည်းအဝေးကို ဦးတင်ဝင်း မှ စတင်မိတ်ဆက်ပြီး အနာဂတ်မျှော်လင့်ချက်မြေပုံရေးဆွဲရခြင်း
အကြောင်းအရင်းကို ကျေးရွာလူထုအား ရှင်းပြပါသည်။ ဟိုင်းတောကျေးရွာ၏ အနာဂတ်မှာ ဘာတွေ
ဖြစ်ချင်လဲလို့ ဦးတင်ဝင်း မှ မေးပါသည်။ ကျေးရွာတွင်း လမ်းနှင့် ရွာချင်းဆက်လမ်းများကို မြေနီလမ်းတွေ
ပဲဖြစ်ချင်တယ်လို့ ပြောပါသည်။ အိမ်တွေအားလုံးဟာလဲ အာစီတိုက်အိမ်တွေ အိမ်တိုင်းဖြစ်ချင်တယ်လို့
မဥမ္မာချို မှ ပြောပါသည်။ ကျေးရွာတွင်တော့ ကွန်ကရစ်လမ်းဖြစ်ရင်ပိုကောင်းမယ်လို့ ပြောပါသည်။ ဟိုင်း
တောမှာ ဆေးပေးခန်းရှိရင် တခြားသွားစရာမလိုဘူး တစ်ခုခုဆို ကိုယ့်ရွာတွင် ကုသလို့ရအောင်ဆေးပေး
ခန်းရှိရန် တခြားသွားစရာမလိုဘူး တစ်ခုခုဆို ကိုယ့်ရွာတွင် ကုသလို့ရအောင် ဆေးပေးခန်းရှိရမယ်လို့ ပြော
ပါသည်။ ထိုရွာမှ စာသင်ကျောင်းရှိရင် တို့ကလေးတွေ တခြားရွာသွားတက်စရာမလိုဘူး လမ်းကလေးသူ
နိုးတွေ လမ်းအန္တရာယ်တွေလဲ ကြောက်စရာမလိုဘူး၊ အိမ်မိဘတွေလဲ အိမ်အလုပ်ပိုလုပ်ရတယ်။ ကလေး
တွေအစောကြီး သွားစရာမလိုပါဘူး။ အချိန်နဲ့အချိန်ကျောင်းတက်လို့ရတယ် အဲ့ဒါကြောင့် စာသင်ကျောင်း
လဲထည့်မယ်လို့ ပြောပါသည်။ ဟိုင်းတောကျေးရွာသူ/သားများကအစ အဆင်ပြေမယ် ဥမာအလှူငွေတွေ
အများကြီးလုပ်လာနိုင်မယ်လို့ ပြောပါသည်။ စီးပွားရေးအဆင်ပြေမှ ဘာပဲရှိရှိငွေအမြောက်အများ ထည့်ဝင်
နိုင်မယ်လို့ ပြောပါသည်။ နောက်ထပ်ဘာတွေထပ်ထည့်ချင်သေးလဲလို့မေးရာ မထည့်တော့ပါဘူး ဒါဆို
ပြည့်စုံနေပါပီလို့ ဦးသန်းဇင်ဝင်း မှ ပြောပါသည်။ ဒါဆိုရင်လဲ အခုလို အနာဂတ်မျှော်မှန်းချက်မြေပုံဖြစ်
မြောက်အောင်ဝိုင်းဝန်းလုပ်ဆောင်ပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောပြီး အစည်းအဝေးကို
၂)နာရီ(၁၅)မိနစ် မှာ ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းရေးသူ
မိမိထွန်း

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ သနပ္ပင်ကုန်းအုပ်စု၊ ဟိုင်းတောကျေးရွာ၏
အနာဂတ်မျှော်မှန်းချက်မြေပုံ ရေးဆွဲခြင်း အစည်းအဝေးတက်ရောက်သူများစာရင်း

ရက်စွဲ၊ ၃-၁၂-၂၀၁၉

| စဉ် | အမည် | ကျေးရွာ | တာဝန် | လက်မှတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးညီမြင့် | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၂ | ဦးတင်ဝင်း | ဟိုင်းတော | ရပ်မိရပ်ဖ | | |
| ၃ | ဦးမြင့်လွင် | ဟိုင်းတော | ရွာခွဲတာဝန်ခံ | | |
| ၄ | ဦးမာဒင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၅ | ဦးတိုးနိုင် | ဟိုင်းတော | | | |
| ၆ | ဦးဇော်မျိုးအောင် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၇ | ဦးအောင်လွင် | ဟိုင်းတော | | | |
| ၈ | ဦးမြင့်ဝင်း+ ဇာ | ဟိုင်းတော | | | |
| ၉ | ဦးဝေမင်း | ဟိုင်းတော | | | |
| ၁၀ | ဦးဝင်းမင်းသန့် | ဟိုင်းတော | ဆယ်အိမ်မှူး | | |
| ၁၁ | ဦးညိုမောင်း | ဟိုင်းတော | | | |
| ၁၂ | ဒေါ်အုံးကြည် | ဟိုင်းတော | | | |
| ၁၃ | ဒေါ်စန်းကြည် | ဟိုင်းတော | | | |
| ၁၄ | ဒေါ်ညွန့်ခင် | ဟိုင်းတော | | | |
| ၁၅ | ဒေါ်စန်းယုမော် | ဟိုင်းတော | | | |
| ၁၆ | ဦးတင်ဆွေ-၂ | ဟိုင်းတော | | | |
| ၁၇ | ဒေါ်အေးမြင့် | ဟိုင်းတော | | | |
| ၁၈ | ဦးအောင်ရွှေ | ဟိုင်းတော | | | |
| ၁၉ | ဦးသန်းလှိုင် | ဟိုင်းတော | | | |
| ၂၀ | ဒေါ်အေးမြိုင် | ဟိုင်းတော | | | |
| ၂၁ | ဒေါ်ယမင်းခိုင် | ဟိုင်းတော | | | |
| ၂၂ | ဒေါ်ရီရီသန့် | ဟိုင်းတော | | | |
| ၂၃ | ဦးကျော်ကျော်မင်း | ဟိုင်းတော | | | |
| ၂၄ | ဒေါ်ဖြူရှိန် | ဟိုင်းတော | | | |
| ၂၅ | ဒေါ်ချို | ဟိုင်းတော | | | |
| ၂၆ | ဒေါ်စိန်မြတ်ရီ | ဟိုင်းတော | | | |

Scanned by CamScanner